


# သုညတ တရားတော်

## အကြီးဆုံးလက်ဆောင်ပေးလိုက်တာပါ

(၂၆၇)

ဟောကြားသည့်နေ့
၂၉-၉-၆၁ ၊ ၃၀-၉-၆၁

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီး
ဟောကြားတော်မူသော သစ္စာလေးပါးတရားတော် အမှတ်စဉ် (၂၆)မှ
ထုတ်နုတ်ပုံနှိပ်ပါသည်။

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ

မိုးကုတ်ဆရာတော်ဘုရားကြီး

အမရပူရမြို့၌ဟောကြားတော်မူသော

# သုညတ တရားတော်

(အကြီးဆုံးလုပ်ဆောင်ပေးလိုက်တာပါ)

ဟောကြားသည့်နေ့

(၂၉-၉-၆၁)

(၃၀-၉-၆၁)

စာမူခွင့်ပြုချက် အမှတ် - ၄၄ ခ/၈၉/၈
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၅၀/၈၉/၁၂

**ထုတ်ဝေသူ** ဦးအောင်ချို၊ (မြ-၀၈၃၁)
မိုးကုတ်ဝိပဿနာတရားစဉ်နှင့်
လုပ်ငန်းစဉ် ပြန့်ပွားရေးအဖွဲ့ချုပ်။
အမှတ် ၈၂၊ နတ်မောက်လမ်း၊ ရန်ကုန်မြို့။
ဖုန်း - ၅၄၁၈၆၀

**ပုံနှိပ်သူ** ဒေါ်နုနုဝင်း (မြ - ၀၆၆၅၆)
လောကပါလပုံနှိပ်တိုက်
အမှတ် (၈၄)၊ လမ်း(၅၀)၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၂၉၈၆၇၄

ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
အမရပူရမြို့၌ ဟောကြားတော်မူသော

# သုညတ တရားတော်

## (အကြီးဆုံးလက်ဆောင်ပေးလိုက်တာပါ)

ဟောကြားသည့်နေ့ (၂၉-၉-၆၁)

မြတ်စွာဘုရားက သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံးတယ်၊ ရှင်သာရိပုတ္တရာ၊ ရှင်အာနန္ဒာတို့ကလည်း ဒီကျောင်းမှာပဲ နေကြတယ်၊ ကျောင်းဒကာ အနာထပိဏ် သူဌေးဟာ တစ်နေ့ကျောင်းကို နှစ်ခေါက် သုံးခေါက် ရောက်တယ်။

## အနာထပိဏ်သူဌေးကြီး

ကျောင်းမှာ ဘုရားနဲ့တကွ သူနဲ့အကျွမ်းဝင်တဲ့ ရဟန်းသံဃာတွေ အမျိုးမျိုးရှိကြတယ်။ ဒါနအကြောင်းပဲ အများဆုံးဟောလေ့ရှိတယ်၊ ဒကာကြီးလုပ်နေတဲ့အလုပ်တွေဟာ အင်မတန်ကောင်းတယ်၊ ဘုရားကလည်း ဘုရားမဖြစ်ခင် ဒါနတွေ လုပ်ခဲ့တယ်၊ ဒါကြောင့်မို့ ဘုရား၏ ခြေရာကို လိုက်ပြီးသကာလ အလုပ်လုပ်တယ်၊ အဲဒါကြောင့် ဒကာကြီးလုပ်တဲ့အလုပ်ကို အားလုံးကပဲ ဝမ်းသာကြတယ်၊ နှစ်သက်ကြတယ် . . . စသည်နဲ့ ဒါကိုပဲ ဦးစားပေး၍ ချီးမွမ်းဟောကြားတယ်လို့ မှတ်ကြရမယ် . . . (မှန်ပါ့)။

တစ်နေ့သွားပြန်လည်း ဒီလိုပဲ၊ မနက်သွားပြန်လို့ရှိရင်လည်း ယာဂုတွေဘာတွေယူသွားတာပဲ၊ နေ့လည်သွားပြန်လို့ရှိရင်လည်း ပန်း စသည် ယူသွားတယ်၊ ညသွားပြန်လို့ရှိရင်လည်း စတုမဓုစသည် ယူသွားတာပဲ၊ တစ်နေ့ နှစ်ခေါက် သုံးခေါက် မရောက်တဲ့နေ့က ရှားတယ် . . . (မှန်ပါ)။

ကျောင်းတွေလည်း လှည့်ဝင်တာပဲ၊ လှည့်ဝင်လို့ရှိရင် ဒါနကထာ, သီလကထာလောက်ပဲ ဘုရားနဲ့တကွ ရဟန္တာတွေက ဟောလေ့ပြောလေ့ရှိတယ်၊ သောတာပန်ကတော့ဖြင့် သူဟာဘုရားနဲ့ တွေ့-တွေ့ချင်း တည်ခဲ့တဲ့ပုဂ္ဂိုလ်ပါပဲ . . . (မှန်ပါ့ဘုရား)။

တစ်နေ့သ၌ကျတော့ ဒီအနာထပိဏ်သူဌေးကြီးဟာ ကျောင်းမသွားနိုင်အောင်ပဲ မမာလာတယ် . . . (မှန်ပါ) ကျောင်းမသွားနိုင်အောင် မမာပြီးသကာလ . . . လာဲတဲ့ အတွက် သူ့အနားမှာရှိတဲ့ အခိုင်းအစေတယောက်ကို ခေါ်တယ်။

## ဝေဒနာပြင်းထန်နေတယ်

ဇေတဝန်ကျောင်းကို သွားစမ်းပါဦး၊ ငါတော့မသွား နိုင်တော့ဘူး၊ ဘုရားကိုလဲ ငါက ရှိခိုးလိုက်တယ်လို့ လျှောက်ပါ ကွာ၊ အနာထပိဏ်သူဌေးကြီးမှာ ဝေဒနာ အင်မတန်ပြင်းထန် နေတယ်လို့ လျှောက်ခဲ့၊ ပြီးတော့မှ ရှင်သာရိပုတ္တရာဆီသွားကွ၊ သူ့အခိုင်းအစေကို မှာနေတယ် . . . (မှန်ပါ့ဘုရား)။

ရှင်သာရိပုတ္တရာဆီ သွားပြီး ရှင်သာရိပုတ္တရာကိုလည်း မမာတဲ့ အကြောင်းကို လျှောက်ကွ၊လျှောက်ပြီး အိမ်သို့ ခေတ္တ ကြွဖို့ ရာကိုလည်း မင်းသေသေချာချာ လျှောက်ပါဆိုပြီး သူ့အခိုင်းအစေကို လွှတ်လိုက်ပါတယ်။

ထိုကဲ့သို့ လွှတ်လိုက်တော့ သူ့အခိုင်းအစေကလည်း တစ်လုံးတစ်ပါဒမကျန်အောင် အစဉ်အတိုင်း လုပ်ပါတယ် (မှန်ပါ့ဘုရား)။

## ရှင်သာရိပုတ္တရာသွားမေးတယ်

ဒီတော့ ရှင်သာရိပုတ္တရာက တစ်ပါးတည်းသွားလည်း မကောင်းပါဘူးကွာ၊ အာနန္ဒာလိုက်ခဲ့ပါဦးဆိုပြီး သကာလ ဆရာဝန်ကြီးရှင်အာနန္ဒာနဲ့တကွ သူတို့သွားကြတယ်. . . (မှန်ပါ့ဘုရား)။

သွားကြတဲ့အခါကျတော့ ထုံးစံအတိုင်းပဲမေးတယ်၊ ဒကာကြီး ဝေဒနာတွေ ရှေ့တက်သလား၊ နောက်ဆုတ်သလား မေးလိုက်တယ်၊ အရှင်ဘုရား တပည့်တော်ဝေဒနာက ရှေ့သာ တက်တယ်ဘုရား၊ နောက်မဆုတ်ပါဘူး၊ ဥပမာပြောရမယ် ဆိုလို့ရှိရင် တပည့်တော်ခေါင်းကို စူးကလေးနဲ့ ထိုးသလို အင်မတန်မှပဲ ခေါင်းကိုက်တဲ့ဝေဒနာ ကြီးကျယ်ခမ်းနားတာပဲ ရှေ့သို့သာ တိုးတယ်၊ နောက်မဆုတ်ပါဘူး၊ ဒီအတိုင်းပြောတယ် (မှန်ပါဘုရား)။

## ဝေဒနာရှေ့သာတိုးတယ်

ဝမ်းထဲမှာလည်းဘုရား . . . သားလှီးဓားကလေးနဲ့ မွှေလိုက်သလိုပဲ၊ လေနာတွေကလည်း သိပ်ပြင်းပြတာပဲ၊ ဒါကြောင့် ဝေဒနာရှေ့သာတိုးတယ်၊ နောက်မဆုတ်ဘူးဆိုတဲ့ ဥစ္စာ တပည့်တော်ဖြင့် တွေ့နေရတာပါပဲ။

ကိုယ်ကလည်း ပူလိုက်တာ အားကောင်းတဲ့ လူနှစ်

ယောက်က တပည့်တော်လက်မောင်းနှစ်ခုကိုကိုင်ပြီး မီးဖိုမှာ ကင်သလိုပဲ၊ တပည့်တော် ခန္ဓာကိုယ်မှာဖြင့် အပူတွေဟာ အကုန်ပဲ မီးကင်ထားသလို ပူနေပါတယ်။

ဒါကြောင့် ရှေ့သာတိုးတယ်၊ နောက်မဆုတ်ပါဘူးလို့ ဆိုတော့ ရှင်သာရိပုတ္တရာက အကဲခတ်တယ်၊ ဩော်. . . ဒီဝေဒနာသည် ပျောက်ဦးမည့် ဝေဒနာလား။

သို့မဟုတ် ဒါနဲ့ပဲ စုတေစိတ် ကျမှာလားလို့ သူအကဲ ခတ်တယ်၊ အကဲခတ်တဲ့အခါကျတော့ ပရစိတ္တ ဝိဇာနန အဘိညာဉ်နဲ့ အမျိုးမျိုးအဖုံဖုံ ကြည့်လိုက်တဲ့အခါမှာ ဒီဝေဒနာ နဲ့ပဲ သေမှာပဲလို့သိတယ် . . . (မှန်ပါ့ဘုရား)။

## တရားဟောရရင်ကောင်းမယ်

ဒါဖြင့် ဒီဝေဒနာနဲ့သေမည့်အတူတူဖြင့် တခြားစကား တွေ ပြောနေရင်အပိုပဲ၊ တရားဟောရရင်ကောင်းမယ်လို့ စိတ်မှာပေါ်ပေါက်လာတယ် . . . (မှန်ပါ့ဘုရား)။

ဒါကြောင့် ဝေဒနာရှင်ကို ခင်ဗျားတို့ တွေ့ဖူး၊ ကြုံဖူးတဲ့ အခါကျလို့ရှိရင် ကိုယ့်ဆွေမျိုးဉာတကာအလုံးစုံ အကုန်ရှိကြ လို့ရှိရင် လူမမာနားသွားပြီးတခြားစကားတွေပြောဖို့မလိုဘူး၊ တရားနဲ့ပတ်သက်တာသာ ဆိုဆုံးမဖို့ ဆရာဝန်ကြီးတို့မောင်ဘ တုတ်တို့ လိုသပေါ့. . . (မှန်ပါ့ဘုရား)။

မသိမသာ ဟောရတယ်၊ သေလိမ့်မယ်ထင်လို့ ဟောတဲ့ အဟောမျိုးကျတော့ လူမမာ ကြောက်တတ်တယ်. . . (မှန်ပါ့) မသိမသာ သူလဲမသိအောင် တရားလည်းဖြစ်အောင် ဒါကို ပြောရမယ်. . . (မှန်ပါ့ဘုရား)။

ဒါနဲ့ ရှင်သာရိပုတ္တရာက ဒကာကြီး . . . ခင်ဗျား တရားနားထောင်စမ်းပါဆိုပြီး ဟောလိုက်တယ် . . . (မှန်ပါ့) ခင်ဗျားမှာ ခန္ဓာငါးပါးရှိတယ်။

## ခန္ဓာငါးပါးကိုတဏှာနဲ့မစွဲနဲ့

ရူပက္ခန္ဓာ၊ ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာ၊ ခန္ဓာငါးပါးရှိတယ်လို့ ပြောလိုက်တယ်၊ ဒီခန္ဓာ ငါးပါးကို တဏှာနဲ့လည်းမစွဲပါနဲ့၊ ငါ့ခန္ဓာရယ်လို့ တဏှာနဲ့လည်း မစွဲပါဘူး။

ဒီခန္ဓာအကြောင်းအရင်းခံပြီး မာနလည်းမတတ်ဘူး၊ ဒီခန္ဓာကိုယ် ခင်မင်မှုရှိတဲ့ တဏှာလည်းမလာဘူး၊ တဏှာမာန ဒိဋ္ဌိမလာဘူး. . . (မှန်ပါ့ဘုရား)။

ဤကဲ့သို့ မစွဲလန်းလို့ရှိရင် တဏှာပြုလုပ်တဲ့ နောက် ခန္ဓာ၊ မာနာပြုလုပ်တဲ့ နောက်ခန္ဓာ၊ ဒိဋ္ဌိပြုလုပ်တဲ့ နောက်ခန္ဓာ မလာဘူးတဲ့. . . (မှန်ပါဘုရား)။

ဒီခန္ဓာကိုယ် ယခုဘဝ၌ တဏှာနဲ့လည်း မစွဲမခင်

မာနနဲ့လည်း မတက်ကြွ၊ ဒိဋ္ဌိနဲ့လည်း ငါ့ဥစ္စာလို့ မလုပ်လို့ရှိရင် ဖြင့် တဏှာလုပ်တဲ့ဟိုဘက်က လူ့ခန္ဓာ၊ နတ်ခန္ဓာ မလာပါဘူး၊ အပါယ်ခန္ဓာလည်း မလာပါဘူး၊ ဘာခန္ဓာမှမလာပါဘူး. . . (မှန်ပါ့ဘုရား)။

## တဏှာနဲ့မစွဲရင် နောက်ခန္ဓာမလာဘူး

ဒါဖြင့် ဒီခန္ဓာကို တဏှာ မာန ဒိဋ္ဌိနဲ့ မစွဲလို့ရှိရင် နောက်ခန္ဓာမလာဘူး . . . (မှန်ပါ့) အဲဒါ မှတ်ထားကြပါ. . . (မှန်ပါ့ဘုရား)။

ဒီခန္ဓာကို သေခါနီး၌လည်းကောင်း၊ ယခုအခါ၌ လည်းကောင်း တဏှာနဲ့လည်းမခင်ကြ၊ ဒိဋ္ဌိနဲ့လည်း ငါ့ကိုယ် ငါ့ဟာ မလုပ်ကြဘူးဆိုလို့ရှိရင်ဖြင့် တဏှာနဲ့ပတ်သက်တဲ့ ခန္ဓာ လည်း မလာဘူး၊ ဒိဋ္ဌိနဲ့ပတ်သက်တဲ့ခန္ဓာလည်း မလာဘူး၊ မာနနဲ့ ပတ်သက်ပြီးသကာလ လုပ်တဲ့ အပါယ်ခန္ဓာတွေကော ဆရာဝန်ကြီးတို့၊ မောင်ဘတုတ်တို့ လာပါ့မလား. . . (မလာပါ ဘုရား)။

ဘယ့်နှယ်ကြောင့် မလာသတုံး၊ လက်ရှိခန္ဓာမစွဲလို့ . . . (မှန်ပါ့) ရှင်းပလား (ရှင်းပါပြီ) နောက်က ဒကာ ဒကာမတွေ ဘာတဲ့တုံး. . . (လက်ရှိခန္ဓာမစွဲလို့ပါဘုရား)။

ခင်ဗျားတို့ သေကြဦးမယ်၊ ဘုန်းကြီးတို့အားလုံး သေကြမည့် ပုဂ္ဂိုလ်တွေ စုနေကြတာပဲ၊ သေကြမည့်ပုဂ္ဂိုလ်တွေ စုနေကြတာကို လက်ရှိခန္ဓာကြီးကို မစွဲတဲ့နည်း လုပ်ရမယ်. . . (မှန်ပါ့ဘုရား)။

မစွဲတဲ့နည်းဆိုတာ အသုံးမကျမှန်း သိရင် မစွဲပါဘူး၊ (မှန်ပါ့) ဒီဒကာ ဒကာမတွေက ခန္ဓာကြီးက အသုံးကျတယ်လို့ ထင်နေလို့ရှိရင် စွဲမယ်. . . (မှန်ပါ့) စွဲရင် နောက်ခန္ဓာရမယ် . . . (မှန်ပါ့ဘုရား)။

## ယခုခန္ဓာစွဲရင် နောက်ခန္ဓာရမယ်

ဒါဖြင့် အနာထပိဏ်သူဌေးကြီးကို ရှင်သာရိပုတ္တရာက ပြောနေတယ်၊ **"နရူပံ ဥပါဒိယိဿာမိ၊ နစ မေ ရူပနိဿိတံ၊ ဝိညာဏံ ဘဝိဿာမိ"** ယခုခန္ဓာကြီးကို မစွဲရင် နောက်ခန္ဓာမရဘူး၊ ယခုခန္ဓာစွဲရင် နောက်ခန္ဓာ. . . (ရမှာပါဘုရား) ဒါဖြင့် အစွဲကြောင့် ခန္ဓာဖြစ်တာ. . . (မှန်ပါ့ဘုရား)။

တဏှာမာန ဒိဋ္ဌိအစွဲကြောင့် ခန္ဓာ အဆက်ဆက် ဆက်ဆက်ပြီး သကာလ ရကြတာ ဘယ်အကြောင်းပါလိမ့်မတုံး ဆိုတာကို အနာထပိဏ်သူဌေးကြီးကို ရှင်သာရိပုတ္တရာက ပြောနေတယ်. . . (မှန်ပါ့ဘုရား)။

လက်ရှိခန္ဓာကို စွဲပြန်ရင် နောက်ခန္ဓာရပြန်တယ် . . .

(မှန်ပါ့) နောက်ခန္ဓာကို နောက်တဏှာ မာန ဒိဋ္ဌိက စွဲပြန်ရင် နောက်ခန္ဓာရဦးမှာပဲ. . . (မှန်ပါဘုရား)။

ဒါဖြင့် နောက်ခန္ဓာ ရတိုင်း ရတိုင်း သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာ ဒုက္ခာဆိုတဲ့အတိုင်း ဒုက္ခသစ္စာကြီးရနေတယ်. . . (မှန်ပါ့ဘုရား)။

ဒါဖြင့် ဒုက္ခသစ္စာစက်ရဟတ် လည်နေတာဟာ အကြောင်းတစ်ခုတွေ့ပါပြီတဲ့၊ ခင်ဗျားတို့နော်. . . (မှန်ပါ့) လက်ရှိ ခန္ဓာကိုစွဲလို့လည်တာ. . . (မှန်ပါ့ဘုရား)။

ပေါ်ကြပလား (ပေါ်ပါပြီဘုရား) ဘယ်ဟာပါလိမ့် (လက်ရှိခန္ဓာစွဲလို့ လည်တာပါဘုရား)။

ဩော်. . . လက်ရှိခန္ဓာစွဲရင် နောက်ခန္ဓာရတယ်၊ တစ်ခါရတဲ့ခန္ဓာကို တဏှာ မာန ဒိဋ္ဌိစွဲပြန်ရင် နောက်အနာဂတ် ခန္ဓာကို ရ-မရ (ရပါတယ်ဘုရား) ဒါဖြင့် ခန္ဓာစက်လည်မယ်ဆိုတဲ့ဥစ္စာ သေချာကြပလား. . . (သေချာပါပြီဘုရား)။

## ခန္ဓာစက်လည်တယ်ဆိုတာဘာတုံး

ခန္ဓာစက်လည်တယ်ဆိုတာ ဘာတုံး၊ အိုနာသေ လှည့်တာ (မှန်ပါ့) ဒီ အိုနာသေပြီး၊ ဟို . . . အိုနာသေရတယ် (မှန်ပါ) ဟို အိုနာသေပြီး၊ ဟို. . . အိုနာသေရတယ်. . . (မှန်ပါ့ဘုရား)။

ဒါ ခင်ဗျားတို့ အခု အနာထပိဏ်သူဌေးကြီးကို ရှင်သာရိပုတ္တရာက ဟောနေတဲ့အတွက် ဩော် . . . ဒါ လိုရင်းပါလား၊ (မှန်ပါ့) လက်ရှိခန္ဓာမစွဲမှုအလုပ်ဟာ အရေးကြီး ဆုံးသောအလုပ်လို့ သေသေချာချာမှတ်ပါ. . . (မှန်ပါ့ဘုရား)။

လက်ရှိခန္ဓာမစွဲတဲ့အလုပ်ဟာ (အရေးအကြီးဆုံးပါ ဘုရား) ဒါကြောင့် လက်ရှိခန္ဓာမစွဲအောင် ခင်ဗျားတို့ ဘယ့်နှယ် လုပ်မလဲလို့ အခုတရားနာနေတဲ့ ပုဂ္ဂိုလ်တွေကို မေးလို့ရှိရင် ဖြင့် လက်ရှိခန္ဓာ၏ ပင်ကိုသဘောကိုသာကြည့် မစွဲချင်လို့ရှိရင် နော်. . . (မှန်ပါ့ဘုရား)။

## ဉာဏ်မျက်လုံးနဲ့သာကြည့်ပါ

လက်ရှိခန္ဓာ၏ ပင်ကိုသဘောကို ကြည့်လိုက်လို့ရှိရင် ဖြင့် ဉာဏ်မျက်လုံးနဲ့သာကြည့် ဆရာဝန်ကြီး. . . (မှန်ပါ့ဘုရား) အနိစ္စတွေ့မယ်၊ ဒုက္ခတွေ့မယ်၊ အနတ္တတွေ့မယ်၊ အသုဘ တွေ့ မယ်၊ ဒုက္ခသစ္စာ တွေ့မယ်. . . (မှန်ပါ့ဘုရား)။

အဲဒါတွေ့အောင် ရှာနိုင်လို့ရှိရင်တော့ဖြင့် တွေ့အောင် ရှာနိုင်တာက သမ္မာဒိဋ္ဌိမျက်လုံးနဲ့ ရှာရမှာ. . . (မှန်ပါ့) သမ္မာဒိဋ္ဌိ မျက်လုံးနဲ့ ခင်ဗျားတို့ ရှာနိုင်လို့ရှိရင် ခုနင်က တဏှာစွဲ၊ မာနစွဲ၊ ဒိဋ္ဌိစွဲရှိဦးမလား၊ (မရှိတော့ပါဘုရား) မရှိလို့ရှိရင်ဖြင့် အစွဲမရှိ သောကြောင့် နောက်ကခန္ဓာ ဖြစ်ပါဆိုလို့ဖြစ်ဦးမလား. . . (မဖြစ်ပါဘုရား)။

ဒါကြောင့် နံ့ ရှုပ် ဥပါဒိယိဿာမိ (ပ) ဘဝိဿာမိ၊ နောက်ဝိညာဏ်မဖြစ်ပါဘူးတဲ့(မှန်ပါ့)ရှုပ်ရုပ်ကို၊ နဥပါဒိယိဿာမိ၊ မစွဲလန်းသည်ဖြစ်အံ့။ ရူပနိဿိတံ၊ ရုပ်ကိုမှီသော၊ ဝိညာဏံ၊ နောက်ပဋိသန္ဓေဝိညာဏ်သည်။ နဘဝိဿာမိ၊ မဖြစ်ပါလတ္တံ့တဲ့ (မှန်ပါ့) ဒါ ရှင်သာရိပုတ္တရာကဟောတာ. . . (မှန်ပါ့ဘုရား)။

အဲဒီတော့ ဘုန်းကြီးတို့ နေ့တိုင်း ဒီဒကာ ဒကာမ တွေကို ဆုံးမသွန်သင်နေတာဟာ ဩော်. . . ဥပါဒါန် ဖြတ် နေတာကိုး. . . (မှန်ပါ့) ပေါ်ပလား. . . (ပေါ်ပါပြီဘုရား)။

## ဥပါဒါန်ပြတ်အောင်လုပ်

ဘာဖြတ်နေတာလဲ. . . (ဥပါဒါန်ဖြတ်နေတာပါ ဘုရား) ဥပါဒါန်ဖြတ်နေတယ်ဆိုတဲ့ဥစ္စာ ခင်ဗျားတို့ ဝိပဿနာ ရှုနေတာဟာ ဥပါဒါန်ကို ပါးအောင်လုပ်တယ်၊ ဥပါဒါန်ကို ပြတ်အောင်လုပ်တယ်. . . (မှန်ပါ့ဘုရား)။

ဘယ့်နှယ်ကြောင့် ပါလိမ့်မတုံး၊ နောက်ခန္ဓာမလာ အောင်လို့ (မှန်ပါ့) အခုစွဲနေတာက သမုဒယသစ္စာ၊ နောက် ခန္ဓာက ဒုက္ခသစ္စာ (မှန်ပါ) ရှင်းပလား (ရှင်းပါပြီဘုရား)။

အခုစွဲနေတာက (သမုဒယသစ္စာပါဘုရား) နောက် ခန္ဓာက (ဒုက္ခသစ္စာပါဘုရား)၊ အဲ . . . အခုဘဝ သမုဒယ ချုပ်လို့ရှိရင် ခင်ဗျားတို့နောက် ဒုက္ခမရဘူး (မရပါဘုရား)။

အခုခန္ဓာကို စွဲလမ်းနေလို့ရှိရင်ဖြင့် နောက် ခန္ဓာစက် ရဟတ်ကြီးဟာ လည်လာမှာပဲ (မှန်ပါ့) သဘောကျပလား . . . (ကျပါပြီဘုရား)။

## ခန္ဓာကို အနိစ္စမြင်အောင်ကြည့်

အဲ့ဒါ . . . နောက်ခန္ဓာကြောက်တဲ့ ပုဂ္ဂိုလ်သည် ယခု ခန္ဓာကို အနိစ္စမြင်အောင်ကြည့်ပါ၊ ဒုက္ခမြင်အောင်ကြည့်ပါ၊ အနတ္တမြင်အောင်ကြည့်ပါ ၊ အသုဘမြင်အောင်ကြည့်ပါ၊ တစ်ခုခုပေါ့ဗျာ. . . (မှန်ပါ့)။

ဟာ ဒါဖြင့် တပည့်တော် ဓမ္မာနုပဿနာကဖြစ်တဲ့ ဒုက္ခသစ္စာကို သူနှိပ်စက်တာ ယုံကြည်မယ်ဆိုလို့ရှိရင်လည်း ဆရာဝန်ကြီးတို့ မောင်ဘတုတ်ကို ကြည့်ပေတော့. . . (မှန်ပါ့)၊ ထိုကဲ့သို့ ကြည့်လို့ရှိရင် တဏှာ, မနာ, ဒိဋ္ဌိနဲ့ စွဲသေးရဲ့လား (မစွဲပါဘုရား) မစွဲရင် နောက်ခန္ဓာ. . . (မရတော့ပါဘုရား)။

ဒါကြောင့် နဝေဒနံ ဥပါဒိယိဿိမိ၊ နစမေ ဝေဒနာနိဿိ တံ ဝိညာဏံ ဘဝိဿတိ၊ ဝေဒနာ့မစွဲရင် ဝေဒနာက္ခန္ဓာမရဘူး၊ သညာမစွဲရင် သညာက္ခန္ဓာ မရဘူး (မှန်ပါ့)၊ သင်္ခါရမစွဲလို့ရှိရင် နောက်သင်္ခါရက္ခန္ဓာ (မရပါဘုရား) အခုဝိညာဏက္ခန္ဓာ မစွဲရင် နောက်ဝိညာဏက္ခန္ဓ (မရပါဘုရား)၊ ဒါ ရှင်သာရိပုတ္တရာက ဟောနေတာ (မှန်ပါ့)၊ ဝိပဿနာပဲ ဟောတယ်လို့မှတ်ရမယ်

(မှန်ပါ့)၊ ဝိပဿနာပဲ ဟောတယ်လို့ (မှန်ပါ့) ဘာဟောတယ် (ဝိပဿနာဟောပါတယ်ဘုရား) ဝိပဿနာမှ ဒုက္ခပြတ်တယ်ဆို တာ ပေါ်သွားတယ်. . . (မှန်ပါ့ဘုရား)။

## ဝိပဿနာမှ ဒုက္ခပြတ်တယ်

ဝိပဿနာမှ (ဒုက္ခပြတ်ပါတယ်ဘုရား)၊ ဒုက္ခပြတ်တယ် **ဆိုတာ သိတော့**ကို ဩော် သူသည်ကားလို့ ဆိုရင် သမုဒယ **ချုပ်သိမ်း**ပါလား မှတ်ရမယ်. . . (မှန်ပါ့)။

ဒီ-ဝိပဿနာတွေနဲ့ ဒါတွေကို ဖြတ်ပျက်တရားတွေကို မြင်ကြလို့ရှိရင် မဂ်ဝင်လာတဲ့အတွက် တဏှာ, မာန, ဒိဋ္ဌိချုပ် **တယ် (မှန်ပါ့)**၊ တဏှာ, မာန , ဒိဋ္ဌိ ချုပ်တဲ့အတွက် အနာဂတ် ခန္ဓာတွေ ဘယ်ခန္ဓာမှ မလာဘူးဆိုတာ မှတ်ထားပါ (မှန်ပါ့) ရှင်းကြပလား. . . (ရှင်းပါပြီဘုရား)။

ဒါဖြင့် ခင်ဗျားတို့သည် အခုခန္ဓာကြီးဟာ ဘယ်သူလုပ် လိုက်တာတုံးလို့ မေးဖို့မလိုတော့ဘူး၊ နောက်ဘဝ ခန္ဓာခင်တဲ့ တဏှာ ဥပါဒါန်က လုပ်လိုက်တာပဲ (မှန်ပါ့) မဆိုနိုင်ဘူးလား . . . (ဆိုနိုင်ပါတယ်ဘုရား)။

**တစ်ခါ** နောက်ဘဝကျပြန်တော့ ဆရာကောင်း သမားကောင်းကလည်း မတွေ့၊ ခင်ဗျားတို့ကလည်း ထင်ရာ စိုင်းရတဲ့ ခန္ဓာကြီးကို တဏှာ, မာန, ဒိဋ္ဌိနဲ့ ခင်နေဦးမယ် ဆိုရင်

ဖြင့် နောက်တတိယ အနာဂတ်ခန္ဓာ လာမှပဲ (လာမှာပါဘုရား) မလာပေဘူးလား (လာမှာပါဘုရား)။

## ဝိပဿနာဆိတ်နေရင်

ဒါဘာဖြစ်လို့တုံးလို့ မေးတဲ့အခါကျတော့ ခင်ဗျားတို့ ဝိပဿနာ သာသနာစိတ်နေလို့ . . . လို့ မှတ်ရမယ် (မှန်ပါ့)၊ ရှင်းပါလား. . . (ရှင်းပါပြီဘုရား)။

ဘာဆိတ်နေသတုံး (ဝိပဿနာ သာသနာ ဆိတ်နေပါတယ်ဘုရား)။

အဲ အခု ခင်ဗျားတို့ပေါ်လာလို့ ဒီဆရာသမားနဲ့တွေ့ကြကြုံကြတယ်၊ ဩော် . . . ခင်ဗျားတို့ဟာ ခန္ဓာဇာတ်သိမ်းငြိမ်းရာဆိုတဲ့ နိဗ္ဗာန်ကြီး ရှာနေကြတဲ့ဥစ္စာ ဝိပဿနာမလုပ်မိလို့ ဝိပဿနာမလုပ်မိလို့ ဝိပဿနာပေးတဲ့ဆရာ မကြုံကြိုက်လို့ ဒီခန္ဓာကြီး ထမ်းပြီး သကာလ အိုဘေး နာဘေး သေဘေးနဲ့ အပြည့်အစုံရှိတဲ့ ခန္ဓာကြီးထမ်းပြီးဟိုဘုံမှာ မသာမြှုပ်သွားရ၊ သည်ဘုံမှာ မသာမြှုပ်သွားရ ဆရာဝန်ကြီး ဒီအလုပ်သာလုပ်နေရတယ် (မှန်ပါ့) ဒီပြင်ဘာလုပ်ရသေးသလဲ(မလုပ်ရပါဘုရား)။

ဟိုဘုံမှာ ဒီ-အသုဘကြီး ထမ်းပြီး ဟိုဘုံမြှုပ်တယ် (မှန်ပါ့)၊ ဒီဘုံရောက်ပြန်လည်း ဒီအသုဘက ဒီဘုံက ဘယ်မှ မရွေ့ဘူး၊ ဒီဘုံရှိတဲ့ မြေပေါ် မြှုပ်ရုံပဲ. . . (မှန်ပါ့)။

## သံသရာလည်တယ်ဆိုတာ ဘာတုံး

ဒါဖြင့် ခင်ဗျားတို့ သံသရာလည်တယ်ဆိုတာ ဘာတုံးဆိုတာ မသာမြုပ်လည်တာပဲ (မှန်ပါ)၊ ရှင်းပြီနော် (ရှင်းပါပြီဘုရား)။

သံသရာလည်တယ်ဆိုတာ (မသာမြုပ်လည်တာပါဘုရား)၊မသာထမ်းပြီး သကာလ ကိုယ့်မသာ ကိုယ်ထမ်းပြီး သကာလ ကိုယ့်အလောင်းကို နေရာအနှံ့အပြား မြုပ်ဖို့လည်တာပဲ. . . (မှန်ပါ)။

အံ့မလေး သေသေချာချာ စဉ်းစားတော့မှ ကိုယ့်မသာ ကိုယ်ထမ်းတယ်ဆိုလည်း ဟုတ်တာပဲ (မှန်ပါ)၊ ကိုယ့်မသာ ကိုယ်ထမ်းတယ်ဆိုကတည်းက ကိုယ့်တဏှာဟာ ဝမ်းထဲမှာအရာရှိတဲ့၊ တဏှာက မင်း . . . မန္တလေးသွားချေစမ်း . . မန္တလေးသွားချေစမ်းဆိုရင် ဒီအသုဘ ခန္ဓာကြီးကို ဒီတဏှာက အထမ်းခိုင်းတာပဲ မန္တလေးထမ်းသွားတယ် (မှန်ပါ)၊ အကယ်၍ မန္တလေးမှာပဲ အကြောင်းမညီညွတ်လို့ သေခဲ့လို့ရှိရင် သူ့အလောင်း သူထမ်းပြီး မြုပ်တယ် (မှန်ပါ)။

ထို့အတူ ဘုံဘဝ တောင့်တတဲ့တဏှာကလည်း သူ့အလောင်းသူထမ်းပြီးသကာလ ရောက်တဲ့ဘုံမြုပ်တယ် (မှန်ပါ)၊ ရှင်းကြပလား (ရှင်းပါပြီဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ကျုပ်တို့သည် သံသရာလည်တယ်

ဆိုတာ ကိုယ့်အလောင်းကိုယ်ထမ်းပြီး အမြှုပ်လည်တာ (မှန်ပါ့ဘုရား)၊ ရှင်းပါလား (ရှင်းပါပြီဘုရား)။

သံသရာလည်တယ်ဆိုတာ ခင်ဗျားတို့ကမကြောက်ဘူး၊ အခုတော့သိပြီတဲ့ တဏှာအထမ်းခိုင်းလို့ ဟုတ်လား - ပုဂ္ဂိုလ်က ထမ်း၊ ထမ်းတဲ့ဝန်ထုတ်ကြီးက ခန္ဓာငါးပါး (မှန်ပါ့) ရှင်းပြီနော် (ရှင်းပါပြီဘုရား)။

တဏှာအထမ်းခိုင်းလို့ ဥပမာ ဆရာဝန်ကြီးဆိုတဲ့ ပုဂ္ဂိုလ်က ခန္ဓာငါးပါး ဝန်ထုတ်ကြီးထမ်းပြီးသကာလ လူ့ပြည်မှာ ထမ်းလည်တယ်၊ နောက်ကျတော့ သူသည် မထိမ်းနိုင်တဲ့နေရာမှာ မြှုပ်ခဲ့တယ် (မှန်ပါ့) နတ်ပြည်ထမ်းပြန်တော့ မထမ်းနိုင်တဲ့ အဆုံးကျတော့ (မြှုပ်ခဲ့ရပါတယ်ဘုရား)။

## မသာထမ်းပြီးလည်နေတာ

မြှုပ်ခဲ့ရတော့ ဟာ ဒီလူတွေ တဏှာအထမ်းခိုင်းတိုင်း ထမ်းပြီးသကာလ မသာထမ်းပြီး လည်နေတာပဲ၊ ရောက်တဲ့နေရာ နေရာမရွေး၊ ခင်ဗျားတို့နေရာလည်း မရွေးနိုင်ဘူး၊ မထမ်းနိုင်တဲ့ နေရာ မြှုပ်ရတာပဲ (မှန်ပါ့) မထမ်းနိုင်တဲ့နေရာ ဝေဒနာရောက်ပကော (မှန်လှပါဘုရား) ဝေဒနာရောက်လို့ရှိရင်ဖြင့် ဒီဝေဒနာနဲ့ သေပွဲဝင်ရတော့ ဒီနေရာမှာ ထားခဲ့ရတာပဲ (မှန်ပါ့ဘုရား) သံသရာ လည်တယ်ဆိုတာ ဒါပဲ (မှန်ပါ့ဘုရား)။

ခင်ဗျားတို့ ဟိုဘဝ ဒီဘဝ ဆုတောင်းတဲ့ ပုဂ္ဂိုလ်များမှာ မသာထမ်း ဒွန်းစဏ္ဍားဖြစ်ပြီး သကာလ မသာမြှုပ်တဲ့ မြေတူးသမားအဖြစ်ကို ဆုတောင်းတာနဲ့ အတူတူပဲ (မှန်ပ့ါ) သဘောကျပလား (ကျပါပြီဘုရား)။

မသိတဲ့ပုဂ္ဂိုလ်ကတော့ ဆရာဝန်ကြီး ဒါကိုဟုတ်တယ်ထင်တာပဲ (မှန်ပ့ါ) တကယ့်သစ္စာဉာဏ်နဲ့ ကြည့်လိုက်တော့ သစ္စာဉာဏ်နဲ့ သေသေချာချာ ဉာဏ်ရပြီးသားပုဂ္ဂိုလ်အနုဗောဓ ဉာဏ်နဲ့ပဲ ကြည့်ကြည့် (မှန်ပ့ါဘုရား)။

## အနုဗော ဓောဏ်ဆိုတာ

အနုဗောဓောဏ်ဆိုတာသည် သူများဟောထားတဲ့ တရားကို သိတဲ့ဉာဏ်နဲ့ကြည့်သည် (မှန်ပ့ါ) အဲဒီဉာဏ်နဲ့ကြည့်လိုက်တောင်မှ ကိုယ့်အလောင်း ကိုယ်ထမ်းပြီးမြှုပ်နေကြတယ်၊ မောင်ချစ်စိန် သဘောကျရဲ့လား (ကျပါတယ်ဘုရား)။

ဆရာဝန်ကြီးလည်း ဒီအနားနေတဲ့အခါကျတော့ တစ်ခါတလေမြင်ပါလိမ့်မယ်၊ တစ်ခါတလေ ကိုယ်ကို ဆေးတွေ သုတ်ပြီးတော့ သတ်ဖို့ ဒီဂရိကျပြီးသားတွေပေ့ါလေ (မှန်ပ့ါ ဘုရား)။

ဒါတွေနွားမောင်းသွားတာတွေ၊ ဒီကောင်ကလေးတွေ ဟာ ဘာလုပ်သွားပါလိမ့်မတုံး၊ မန္တလေးကို ဒီလမ်းက မန္တလေး သွားရတာကိုး (မှန်ပ့ါဘုရား)။

သူတို့အလောင်းကလေး သူတို့ထမ်းသွားရတယ်၊ ဟိုကျတော့ သေပွဲဝင်ရမယ် (မှန်ပါ့)၊ မဟုတ်ဘူးလား (ဟုတ်ပါတယ်ဘုရား)။

သူတို့အလောင်း သူတို့ထမ်းသွားကြတာ (မှန်ပါ့)၊ ဟိုကျတော့ ဘာလုပ်မလို့တုံး (သေပွဲဝင်ရမှာပါဘုရား)။

ကျုပ်တို့လည်း ဘာလုပ်နေကြသတုံးလို့ မေးလို့ရှိရင် ကိုယ့်အလောင်းကိုယ်ထမ်းပြီး သကာလ ဒီဘဝတော့ သေပွဲဝင်ရမှာပဲ နောက်သေပွဲမဝင်တဲ့နည်း ရှာနေတာ(မှန်ပါ့ဘုရား)။

## နောက်သေပွဲမဝင်တဲ့နည်းရှာနေတာ

ဘာလုပ်တဲ့နည်း ရှာနေကြတာတုံး၊ (နောင်သေပွဲမဝင်တဲ့နည်း ရှာနေတာပါဘုရား)။

ဒါရှာနေကြတာ အဲဒါ အပြင်းအထန်ရအောင် ရှာနိုင်တဲ့ ပုဂ္ဂိုလ်ဖြင့် ကိုယ့်အလောင်း ကိုထမ်းပြီး မြှုပ်ရမည့် ကိုယ့်အလုပ်ဝတ္တရားကြီးဟာဖြင့် ဇာတ်သိမ်းသွားမှာပဲ (မှန်ပါ့ဘုရား)။

နို့မဟုတ်လို့ရှိရင် ကိုယ့်အလောင်း ကိုယ်ထမ်းပြီး နေရာမရွေး မြှုပ်နေရမယ်၊ (မှန်ပါ့)တစ်ခါတစ်လေမမြှုပ်ဘူး၊ ဒီအတိုင်းထိုးလည်းပြီးသေရမယ်(မှန်ပါ့ဘုရား)။

မြှုပ်မည့်လူ ရှာမတွေ့ပါဘူး၊ (မှန်ပါ့) အဲ့ဒီကိစ္စတွေလည်း ဒီဋ္ဌိလက်ချက်ဟာ အလောင်းထမ်းသမားအဖြစ်ကို သူအမွေပေးတာပဲ။ (မှန်ပါ့ဘုရား)။

တဏှာမာနဒိဋ္ဌိက အလောင်းထမ်းသမားကို (အမွေပေးပါတယ်ဘုရား)၊ အလောင်းထမ်းသမားအဖြစ်ကို အမွေပေးတယ်၊ အမွေပေးပြီး ရောက်ရာကို သူသည်ကားလို့ ဆိုရင်ဖြင့် မြှုပ်တဲ့ဘဝမြှုပ်ရတယ်၊ မမြှုပ်တဲ့ဘဝ သူများစားဖတ် ဝါးဖတ်ဖြစ်ရတယ်၊ (မှန်ပါ)၊ ဒီလိုမနေကြဘူးလား (နေပါတယ်ဘုရား)။

## သံသရာကျင်လည်တယ်ဆိုတာ

အဲ့ဒါ ခင်ဗျားတို့ သံသရာကျင်လည်တယ်ဆိုတာ ဒါပါပဲ (မှန်ပါ့)၊ သံသရာကျင်လည်တယ်ဆိုတာသည် ကိုယ့်အလောင်းကို ကိုယ်ထမ်းပြီးသကာလ သူများပါးစပ်ထဲလည်း အလောင်းလုပ်လိုက်ရတဲ့အခါလည်းရှိတယ် (မှန်ပါ့ဘုရား)။

တစ်ခါတလေကျတော့ မြေပြင်မှာ ဒီအတိုင်းပုပ်ရိပြီး ဆွေးမြေ့သွားတဲ့ ဘဝလည်းရှိတယ် . . . (မှန်ပါ့ဘုရား)။

တစ်ခါတလေကျတော့ လူ့ပြည်ကျပြန်တော့ အမြှုပ်ခံရတဲ့ဘဝလည်းရှိတယ် . . . (မှန်ပါ့)၊ သို့သော် ဒီပုဂ္ဂိုလ်ဟာ ဘယ်ပုဂ္ဂိုလ်တုံးဆိုတော့ ဒီ-တဏှာ၊ မနာ၊ ဒိဋ္ဌိနဲ့ ပစ္စုပ္ပန်ခန္ဓာစွဲလာလို့ အနာဂတ်ခန္ဓာတွေ ဖြစ်ချင်သလိုဖြစ်နေတာ . . . . (မှန်ပါ့)၊ ရှင်းပလား (ရှင်းပါပြီဘုရား)။

## အလောင်းထမ်းသမားသက်သက်

ခင်ဗျားတို့ လှတယ်ထင်၊ ဝ တယ်ထင်၊ ဘယ်သူက သူဌေး၊ ဘယ်သူက ဝတယ်၊ ဘယ်သူက အရုပ်ဆိုးလို့ ဘယ်သူက ဘုန်းကံပါရမီကြီးတယ်၊ ဘယ်သူက ဝန်ကြီး၊ ဘယ်သူက အတွင်းဝန်တဲ့၊ ခင်ဗျားတို့ ဘာပဲပြောနေနေ **ဆရာဝန်ကြီး အလောင်းထမ်းသမားသက်သက်ပဲ** . . . (မှန်ပါ)၊ ဘယ်သူက ဂုဏ်သိန်ရှိသေးသတုန်း . . . (မရှိပါဘုရား)၊ မရှိပါဘူး၊ အလောင်းထမ်းသမားသက်သက်၊ ကိုယ့်အလောင်းကိုယ်ထမ်းပြီး ရန်ကုန်-မန္တလေးကူးနေကြတာပဲရှိတယ် . . . (မှန်ပါ)၊ ရောက်ရာ သချိုင်းကော ရွေးနိုင်သေးရဲ့လားလို့မေးတော့ မထမ်းနိုင်တဲ့နေရာ ချခဲ့ရုံပဲ ရှိတယ် . . . (မှန်ပါ့)။

ဝေဒနာ ထပ်ရောက်လာတော့ ထမ်းနိုင်သေးရဲ့လား . . . (မထမ်းနိုင်ပါဘုရား)၊ မထမ်းနိုင်တဲ့နေရာမှာ ပစ်ထားခဲ့ဖို့ပဲ . . . (မှန်ပါ့ဘုရား)၊ သို့သော်လည်း ပစ်တဲ့ပုဂ္ဂိုလ်က ဒီခန္ဓာ စွဲသွားပြန် နောက်ခန္ဓာ ဆက်ထမ်းမှာပဲ. . . (မှန်ပါ့)၊ မထမ်းပေဘူးလား . . . (ထမ်းပါတယ်ဘုရား)။

အဲ့ဒါကြောင့် ခန္ဓဝဂ္ဂသံယုတ်ကျတော့ . . .

ဘာရာဟဝေ ပဉ္စက္ခန္ဓာ၊ ဘာရာဟာရောစ ပုဂ္ဂလော။
ဘာရာဒါနံ ဒုက္ခံ လောကေ၊ ဘာရနိက္ခေပနံ သုခံ. . .

**တဏှာက တင်ပေးသမား**

ဆိုပြီး ဘုရားက ခန္ဓာဝန်ထုပ်ပြီး အမည်နာမပညတ် ရှိတဲ့ လူက အထမ်းသမား တဏှာက တင်ပေးသမားနဲ့ များ ပြောထားတာတွေရှိတယ်. . . (မှန်ပါ)၊ သဘောပါကြပလား . . . (ပါ,ပါပြီဘုရား)။

ဒါ . . . ဘယ်သူက ဘယ်သူကို ပြောနေတာတုံး ဆိုတာကော ဒီဝတ္ထု သိပလား . . . (သိပါပြီဘုရား)။

အနာထပိဏ်သူဌေးကြီး စုတိစိတ်ကျခါနီး ဒကာကြီး အခုခန္ဓာမစွဲနဲ့ပြောနေတာ . . . (မှန်ပါ့ဘုရား)၊ နောက်ခန္ဓာ ရမှာစိုးလို့ . . . . (မှန်ပါ့ဘုရား)။

အခုခန္ဓာမစွဲနဲ့လို့ပြောတာ ဘယ့်နှယ်ကြောင့်ပါလိမ့် . . (နောက်ခန္ဓာရမှာစိုးလို့ပါ ဘုရား)။

န ဝေဒနံ ဥပါဒိယိဿမိ၊ န စ မေ ဝေဒနာ နိဿိတံ ဝိညာဏံ ဘဝိဿတိ။ ဝေဒနံ၊ ယခု ပစ္စုပ္ပန် ဝေဒနာကို ၊ နဥပါဒိယိဿမိ၊ မစွဲလမ်းသည် ဖြစ်အံ့။ ဝေဒနာ နိဿိတံ၊ ဝေဒနာကို မှီသော။ ဝိညာဏံ၊ နောက် ဝိညာဏ်သည်၊ န ဘဝိဿတိ၊ မဖြစ်လတ္တံ့ . . . (မှန်ပါ့ဘုရား)။

**မြင်ဖူးတာကလေးကိုမစွဲနဲ့**

ယုတ်စွအဆုံး မြင်ဖူးတာကလေးတောင်မှ သူများက

ပြောသံကြားလို့ သူများက နတ်ရုပ်ရေး ပြောတယ်၊ နတ်ဟာ ကောင်းတယ်လို့ မြင်ဖူးတာကလေးတောင် မစွဲနဲ့၊ စွဲရင် နောက်ခန္ဓာ ဖြစ်လိမ့်မယ် . . . (မှန်ပါ့ဘုရား)။

သူများ ဟောသံ, ပြောသံက နတ်ပြည် ကောင်းတယ်လို့ ကြားဖူးလိမ့်မယ်တဲ့၊ အဲ့ဒီ ကြားဖူးတာကလေးတောင် မစွဲနဲ့ စွဲရင် ခန္ဓာရလိမ့်မယ် . . . (မှန်ပါ့ဘုရား)။

## ကြားဖူးတာကလေးကိုမစွဲနဲ့

ကဲ . . . ခင်ဗျားတို့ ကြားဖူးတာကလေးကို အလကားနေရင်း အတွေးနဲ့ လွမ်းနေတဲ့လူက ရှိသေးတယ်. . . (မှန်ပါ)၊ အဲ့ဒါတွေတောင် မစွဲနဲ့တဲ့၊ ဒိဋ္ဌသုတမုတ တွေ့တောင်မစွဲနဲ့တဲ့. . . (မှန်လှပါဘုရား)၊ ရိပ်မိပလား . . (ရိပ်မိပါပြီဘုရား)။

ကြားဖူးတာလည်း . . . (မစွဲရပါဘုရား)၊ မြင်ဖူးတာလည်း . . . (မစွဲရပါဘုရား)၊ မစွဲနဲ့၊ စွဲရင် သူတို့လာမယ် . . . (မှန်ပါ) တဏှာ မာန ဒိဋ္ဌိ လာရမယ် . . . (မှန်လှပါဘုရား)၊ သဘောကျပလား . . . (ကျပါပြီဘုရား)။

ဒါဖြင့် ကြားဖူးတာ မစွဲနဲ့၊ မြင်ဖူးတာမစွဲနဲ့၊ စားဖူးတာကော . . . (မစွဲရပါဘုရား)၊ ဝတ်ဖူးတာကော . . . (မစွဲရပါဘုရား)။

## ဝတ်ဖူးတာမစွဲနဲ့

စားဖူးတာကို စွဲလိုရှိရင် ဒီအစာကို စားတတ်တဲ့ တိရစ္ဆာန်ဖြစ်ရတတ်တယ် . . . (မှန်ပါ့)၊ ဝတ်ဖူးတာကိုစွဲလို့ရှိရင် ဒီအဝတ်ပေါ်မှာ သွားပြီး ပြိတ္တာဖြစ်ရတတ်တယ် . . . (မှန်ပါ)၊ ဝတ်ဖူးတာစွဲရင် မနေ့ကပြောခဲ့တဲ့ ဦးတိဿကြီး မနက်မှ ဝတ်မယ်ဆိုတာနဲ့ ညသေတော့ အဲ့ဒီအပေါ် သန်းသွားဖြစ်တာပဲ၊ ဝတ်ဖူးတာ စွဲသွားတော့ . . . (မှန်ပါ့)၊ ရိပ်မိပလား . . . (ရိပ်မိပါပြီဘုရား)။

အဲ့ဒီတော့ ကြားဖူးတာ ဘာတုံး . . . (မစွဲနဲ့)၊ ဝတ်ဖူးတာကော . . . (မစွဲရပါဘုရား)၊ စားဖူးတာကော . . . (မစွဲရပါဘုရား)။

မစွဲရဘူးတဲ့ စွဲလို့ရှိရင် ခင်ဗျားတို့ ခုနကပြောခဲ့တဲ့ အကြောင်းတွေ စွဲခဲ့တဲ့အတွက် သူနဲ့ အလားတူတွေ ရပြန်တယ် . . . (မှန်ပါ)၊ မရပေဘူးလား . . . (ရပါတယ်ဘုရား)။

အဲ့ဒါဘာယ်နှယ်ကြောင့် ဆရာဝန်ကြီးတို့ မောင်ဘာတုတ်တို့ ရပါလိမ့်မတုံးဆိုတော့ လက်ရှိခန္ဓာစွဲလို့ရတာ . . . (မှန်ပါဘုရား)၊ လက်ရှိစားဖူးတာကို စွဲလို့ . . . (ရပါတယ်ဘုရား)၊ မဟုတ်ဘူးလား . . . (မှန်ပါ့ဘုရား)။

အဲဒါတွေ ဉာဏ်နဲ့ကြည့်တော့မှ ဩော် . . . ကျုပ်က သေတောင် ခက်ပါသေးတယ်၊ ဒီသားကလေး စွဲနေတာနဲ့တဲ့၊

ဘာမှ မခက်ဘူး ပြဿာဖြစ်မှာ သေချာပြီ . . . (မှန်ပါ့)၊ ပစ္စည်းကလေးဖြင့် ကျပ်ဖြင့် လှူပ်လည်း မလှူပ်ချင်ဘူး၊ ပေးလည်း မပေးချင်ဘူး၊ ကမ်းလည်း မကမ်းချင်ဘူး၊ အမေမိဘ ထားခဲ့တဲ့ ပစ္စည်းတွေဖြစ်နေတယ်၊ ဒါကလေးတော့ဖြင့် ကျပ်မစွန့်နိုင်ဘူး၊ အဲ့ဒီပစ္စည်းနေရာမှာ ကြွက်သော်လည်းကောင်း၊ မြွေသော်လည်းကောင်း ဖြစ်ရမယ် . . . (မှန်ပါ)၊ စွဲသကိုး (မှန်ပါဘုရား)၊ သဘောပေါက်ပလား . . . (ပေါက်ပါပြီဘုရား)။

အဲဒီတော့ကို အရှင်သာရိပုတ္တရာက ဟောတာ အစွမ်းကုန်ဟောတာ၊ မြင်ဖူးတာလည်း တကာကြီး မစွဲနဲ့ (မှန်ပါ့)၊ ကြားဖူးတာလည်း . . . (မစွဲရပါဘုရား)၊ သဘောကျပလား . . . (ကျပါပြီဘုရား)။

## စားဖူးတာ၊ နံဖူးတာ မစွဲနဲ့

စားဖူးတာကော . . . (မစွဲရပါဘုရား)၊ နံဖူးတာလည်း (မစွဲရပါဘုရား)၊ မစွဲနဲ့တဲ့၊စွဲလို့ရှိရင် အဲ့ဒါနဲ့ပတ်သက်တဲ့ နောက်ခန္ဓာတွေ ပေါ်လာလိမ့်မယ် (မှန်ပါ)၊ သဘောပေါက်ပလား (ပေါက်ပါပြီဘုရား)။

ဒါဖြင့် ဒီတဏှာ မာန ဒိဋ္ဌိ မစွဲမှ နောက်ခန္ဓာ အဆက်ပြတ်မယ်ဆိုတာ ခင်ဗျားတို့ သေချာပြီ (မှန်ပါ) မသေချာဘူးလား (သေချာပါတယ်ဘုရား)။

ဒါဖြင့် မစွဲတဲ့နည်း ပြောပါဘုရား၊ စွဲရင်တော့ဖြင့် တပည့်တော်တို့ ဒီဟာရောက်မှာပဲလို့ ခင်ဗျားတို့ မေးရပါတယ်နော် (မှန်ပါ)၊ စွဲတဲ့နည်းကဖြင့် အရုပ်ဆိုး အကျည်းတန်၊ ကမ်းကုန်နေပါပြီ (မှန်ပါ့ဘုရား)။

## တိရစ္ဆာန်တွေဖြစ်လိမ့်မယ်

စွဲတဲ့နည်းကဖြင့် တကာတကာမတို့ ဘာမဖြစ်ဘူးလို့ ဆိုလို့ရရဲ့လား . . . (မရပါဘုရား)၊ ခွေးလည်းဖြစ်မှာပဲ နောက် ချေးပိုးထိုးလည်းဖြစ်ရမှာပဲ၊ တီကောင်ဖြစ်မယ်၊ မျှော့ဖြစ်မယ်၊ အိမ်မြှောင်ဖြစ်မယ်၊ ပိုးဟပ်ဖြစ်မယ် (မှန်ပါ့ဘုရား)။

ကိုယ့်အထည် ကလေးသာ စွဲသွား အဲ့ဒီအထည် ထည့်တဲ့ သေတ္တာထဲ ပိုးဟပ်သွားဖြစ်မယ် (မှန်ပါ့)၊ ကြမ်းပိုးသွားဖြစ်မယ် (မှန်ပါ့)၊ ကြောက်စရာကြီး . . . (မှန်ပါ)၊ ရှင်းပလား (ရှင်းပါပြီ)။

စွဲရင်စွဲရာဖြစ်တာပဲ (မှန်ပါ့)၊ ဘာဖြစ်လို့တုံး တဏှာ ဥပါဒါန်ကံ ဇာတိကိုး (မှန်ပါ့)၊ မာနဥပါဒါန်ကံဇာတိ (မှန်ပါ့)၊ ဒိဋ္ဌိ ဒိဋ္ဌု ပါဒါန် ကံဇာတိ ၊ မလာဘူးလား (လာပါတယ်ဘုရား)။

အဲဒီတော့ ပဋိစ္စသမုပ္ပါဒ်က ဒါက ခင်ဗျားတို့ ဝိပဿနာ မဂ်နဲ့ မဖြတ်သရွေ့ လောကုတ္တရာမဂ်နဲ့ မဖြတ်သရွေ့ မပြတ်ပါဘူး (မှန်ပါ့)၊ ပြတ်ပါမလား (မပြတ်ပါဘုရား)။

## ဒါတွေဖြစ်ပျက်ရှုရမယ်

မပြတ်တော့ ခင်ဗျားတို့ ဒီဥစ္စာကို ဒကာ ဒကာမတွေက စားဖူးတဲ့ပစ္စည်း၊ နေဖူးတဲ့ဥစ္စာ (မှန်ပါ့) ဒါတွေကို ခင်ဗျားတို့ ဖြစ်ပျက်ရှုရမယ် (မှန်ပါ့)၊ ရှင်းပလား (ရှင်းပါပြီဘုရား)။

ဒါတွေ ဘာလုပ်ရမလဲ (ဖြစ်ပျက်ရှုရပါမယ်ဘုရား)၊ ဖြစ်ပျက်ရှုရမယ် ဖြစ်ပျက်ဆိုတာ အနိစ္စရှုရမယ်၊ ဒုက္ခရှုရမယ်၊ အနတ္တရှုရမယ်၊ အသုဘရှုရမယ် (မှန်ပါ့)၊ သဘောကျပလား (ကျပါပြီဘုရား)။

မရှုရင် ဒီတဏှာမာနဒိဋ္ဌိက အစဉ်အတိုင်း လုပ်ရမယ်၊ မဟုတ်ဘူးလား (မှန်ပါ့)၊ ဓမ္မဋ္ဌိတကာ ဓမ္မနိယာမတာ ၊ ဒါဓမ္မနိယာမ ကွတဲ့ (မှန်ပါ့ဘုရား)။

တဏှာ ဥပါဒါန်ကံ ဒိဋ္ဌိပါဒါန်ကံဆိုတာ ဓမ္မနိယာမတွေ (မှန်ပါ့) ဓမ္မဋ္ဌိတကာ တရားသဘောအတိုင်း တည်နေတာတဲ့ သံယုတ်က (မှန်လှပါဘုရား)။

ဒါ ဘုရားရှိရှိ - မရှိရှိ ဒါလိုရင်းမဟုတ်ဘူး၊ ဘုရားရှိလည်း ခင်ဗျားတို့ ဖြတ်တဲ့အလုပ်လုပ်တဲ့ ဒီအတိုင်းသွားတာပဲ (မှန်ပါ့ဘုရား)၊မရှိလည်း ဒီအတိုင်းပဲ (မှန်ပါ့ဒီအတိုင်းပါဘုရား)။

ခင်ဗျားတို့က ဘုရားရှိလာလို့ရှိရင်ဖြင့် တပည့်တော်တို့ သက်သာခွင့် ရပါလိမ့်မယ်လို့ထင်နေတာ (မှန်ပါ့)၊ ဘုရားရှိပေမယ့်လည်း ခင်ဗျားတို့က ဘုရားနားကပ်ပြီး သကာလ ဘုရား

ပြောတာ လိုက်နာမှ တော်တာ (မှန်ပါဘုရား) ဘုရားသူ့ဟာသူ ရှိနေလို့ ခင်ဗျားတို့ ဘာမှမဆိုင်ဘူး (မှန်ပါ)၊ သဘောကျပလား (ကျပါပြီဘုရား)။

## ဘုရားပေးတဲ့နည်းနဲ့ဖြတ်ပါ

ဘုရားရှိနေတယ်၊ ဘုရားနဲ့တွေ့တယ်၊ ဘာမှမဆိုင်ဘူး၊ ကိုယ့် ပဋိစ္စသမုပ္ပါဒ်ကို ဘုရားပေးတဲ့နည်းနဲ့ ဖြတ်ရုံပဲရှိတယ် (မှန်ပါ)၊ သဘောကျပလား (ကျပါပြီဘုရား)၊ သဘောပေါက်ပလား (ပေါက်ပါပြီဘုရား)။

ဒါဖြင့် ဒါမစွဲအောင် ဘာလုပ်ကြမတုံးဆိုတော့ ဘာမှ လုပ်စရာမရှိဘူးတဲ့၊ ဝိပဿနာရှုတဲ့အလုပ်ဟာ မစွဲအောင်လုပ်တဲ့ အလုပ်ပဲ (မှန်ပါ) အဲ့ဒါမှတ်ထား။

## သူဌေးကြီးကငိုတယ်

အဲဒီလိုမစွဲအောင် လုပ်ပါဆိုတော့ အနာထပိဏ်သူဌေး ကြီးက ငိုတယ် (မှန်ပါ) အနာထပိဏ်သူဌေးကြီးကငိုတယ်၊ ဒါတွေ အကုန်ဟောလိုက်တဲ့အခါကျတော့ (မှန်ပါဘုရား)၊

ဒါနဲ့ - ရှင်အာနန္ဒာက နောက်ကပါလာတော့ မေးတယ်၊ ဒကာကြီး ပစ္စည်းတွေ စွန့်ပစ်ရမှာကြောင့် ပစ္စည်းတွေနဲ့ ခွဲရမှာကြောင့် ငိုတာလား၊ သို့မဟုတ် ကုသိုလ်တွေ ဆုတ်ယုတ်

ကုန်ပြီလို့ ငိုတာလား ရှင်အာနန္ဒာက နှစ်ချက်ပေးလိုက်တယ် (မှန်ပါ့ဘုရား)။

## ရှင်အာနန္ဒာကမေးတယ်

ပစ္စည်းတွေနဲ့ ခွဲရမှာကြောင့် ငိုတာလား၊ ကိုယ့်ကုသိုလ်တရားတွေ ဆုတ်ယုတ်ကုန်လို့ ငိုတာလား မေးလိုက်တော့ တပည့်တော် ဒါတွေကြောင့်မဟုတ်ပါဘူး ဘုရားတဲ့၊ သောတာပန်မှာတော့ ဒေါသရှိသေးလို့ ငိုတာကိုး (မှန်ပါ့ဘုရား)။

တပည့်တော်ဟာ နှစ်ပေါင်း နှစ်ဆယ်ကျော်ကာလပတ်လုံး နေ့စဉ် ကျောင်းကို တစ်နေ့နှစ်ခေါက် သုံးခေါက်ရောက်ပြားသော်လည်း မစွဲနဲ့ဆိုတဲ့ တရား မနာခဲ့ရဘူးတဲ့ (မှန်ပါ့)၊ မစွဲနဲ့ဆိုတဲ့ တရားကို သူမနာခဲ့ရဘူး တဲ့။

ဘုရားနဲ့တွေ့ပြန်လည်း ဒါနအကြောင်းပဲဟောတာပဲ၊ ရှင်သာရိပုတ္တရာ ရှင်မောဂ္ဂလ္လာန်တို့နဲ့လည်း သူရင်းရင်းနှီးနှီးသွားတွေ့တာပဲ၊ တွေ့ပြန်တော့လည်း ဒကာကြီး လုပ်နေတဲ့ အလုပ်ကောင်းတဲ့အလုပ်ပဲ ဒါလောက်ပဲ ဒါနတရားတွေ အများဆုံးဟောနေကြတာပဲ (မှန်ပါ့ဘုရား)။

အခုပြောခဲ့တဲ့ ပုဂ္ဂိုလ်သတ္တဝါ ဆိုတဲ့ ဖြစ်ပျက်ဆိုတာ ပုဂ္ဂိုလ်သတ္တဝါဆိတ်တာ ပုဂ္ဂိုလ်သတ္တဝါ ဆိတ်သုဉ်းတယ်နော် (မှန်ပါ့ဘုရား)။

## ဒီတရားမျိုး မနာဖူးလို့ ငိုတာပါ

အဲ့ဒီတရားမျိုး သူက မနာရဘူး၊ ဝိပဿနာတရား သိပ်မှမဟောဘဲကိုး (မှန်ပါ့)၊ အဲဒါကို တပည့်တော်က ဝမ်းနည်းလို့ ငိုပါတယ် ဆိုတော့ ရှင်သာရိပုတ္တရာ အဖြေပေးလိုက်ပါတယ်။

ဒကာကြီး တဲ့ ဒီတရားဟာ လွယ်တာမဟုတ်ဘူး၊ ဟောဖို့မလွယ်ဘူးတဲ့၊ လူတွေဟာ သားရေး သမီးရေး ၊ စီးပွားရေးနဲ့ လောဘ၊ ဒေါသ ၊ မိုးမွှန်နေတာ၊ အဲ့ဒီအထဲမှာ ဘာမှမစွဲနဲ့ဆိုတဲ့ တရားကို ဟောဖို့ အတော်ခဲယဉ်းတယ် (မှန်ပါ့ဘုရား)။

ဒီတွင် အနာထပိဏ်သူဌေးကြီးက လျှောက်တယ်၊ အရှင်ဘုရား လူတွေမှာလည်း အဝတ်ဖြူဝတ်ပြီး ကိလေသာ ခေါင်းပါးတဲ့ ပုဂ္ဂိုလ်တွေ လူထဲမှာ အများကြီးရှိပါတယ်။

ပညာမျက်လုံးပေါ်မှာ ကိလေသာမြူ အနည်းငယ်ကလေး ဖုံးနေတဲ့ ပုဂ္ဂိုလ် လူထဲမှာလည်း အများကြီးရှိပါတယ်။ အဲ့ဒီပုဂ္ဂိုလ်တွေသည်ကား အခုအရှင်ဘုရားတို့ဟောတဲ့ဖြစ်ပျက် အနိစ္စကို မနာရဘူးဆို့လိုရှိရင် သူ့ခမျာများမှာ တရားမနာရလို့ ဒီဘဝကျွတ်တမ်းဝင်ထိုက်ပါလျက်သားနဲ့ ဆုံးရှုံးခြင်းဖြစ်မှာပေါ့တဲ့ (မှန်ပါ့)၊ သဘောကျပလား (ကျပါပြီဘုရား)။

ကိလေသာပါးတဲ့ပုဂ္ဂိုလ်များမှာ ဒီတရား ဟောထိုက်တယ်တဲ့ သဘောကျပလား (ကျပါပြီဘုရား)။

## ကိလေသာပါတဲ့ ပုဂ္ဂိုလ်ကိုဟောပါ

ဘယ်ပုဂ္ဂိုလ် ဟောရမယ် (ကိလေသာ ပါးတဲ့ပုဂ္ဂိုလ် ဟောရပါမယ်ဘုရား)၊ ကိလေသာပါးတဲ့ပုဂ္ဂိုလ်အတွက်မှာ ခင်ဗျားတို့ ဒီတရားကို နာရမယ် (မှန်ပါ) ဘာဖြစ်လို့နာရမှာ လဲဆိုတော့ ဒီပုဂ္ဂိုလ်ကလဲ သူက ကိလေသာက ခပ်ပါးပါး ရယ်၊ ဒီတရားနာရင် ချက်ချင်း သောတာပန် သကဒါဂါမ် အနာဂါမ် ရဟန္တာဖြစ်တယ် (မှန်ပါ့ဘုရား)။

ကိလေသာ ထူတဲ့ ပုဂ္ဂိုလ်သာ ဒီတရားမျိုးကိုဖြည်းဖြည်း မှ **ဟောရတာ** (မှန်ပါ)၊ ပါးလာတဲ့ပုဂ္ဂိုလ်ကျတော့ ဒီတရား **သွက်သွက်**ဟောပေးပါ၊ မြန်မြန်ဟောပေးပါ၊ ဒါကိုအနာထပိဏ် သူဌေးကြီးကလျှောက်တယ် (မှန်ပါ့)၊ သဘောကျပလား (ကျပါ ပြီဘုရား)။

## သုညတ တရား

ဒါဖြင့် ဒီတရားဟာ သုညတ တရားလို့မှတ်ပါ (မှန်ပါ)၊ ဘာတရားလို့ ဆိုကြမလဲ (သုညတ တရားပါဘုရား)။

ရုပ်, စိတ်ဆိုတော့ ပုဂ္ဂိုလ်သတ္တဝါ ပါသေးရဲ့လား (မပါ ပါဘုရား)၊ ရုပ်ဖြစ်ပျက်ရှု ၊ စိတ်ကိုဖြစ်ပျက်ရှု ဆိုတော့ ပုဂ္ဂိုလ် သတ္တဝါဖြစ်ပျက် ရှုတာမဟုတ်ဘူး (မှန်ပါ့ဘုရား)။

## ပုဂ္ဂိုလ်သတ္တဝါ ဆိတ်သုဉ်းတဲ့တရား

ဒါကြောင့် သုညတ, ပုဂ္ဂိုလ်သတ္တဝါ ဆိတ်သုဉ်းတဲ့ တရားကို ရှုပါတယ် (မှန်ပါ)၊ ဒီဘက်က သညာရှုပါတယ် ဆိုတော့လည်း ပုဂ္ဂိုလ်သတ္တဝါ ပါသေးရဲ့လား (မပါပါဘုရား) သင်္ခါရဆိုရင်ကော (ပုဂ္ဂိုလ်သတ္တဝါ မပါ ပါဘုရား) ဝိညာဏ်ရှု တယ်ဆိုရင်ကော (မပါပါ ဘုရား) ရုပ်ရှုတယ် ဆိုရင်ကော (မပါ ပါဘုရား)။

မပါတော့ ဒီသုညတ တရားမျိုးဟာ ကိလေသာ ပါးတဲ့ ပုဂ္ဂိုလ် ဟောလိုက်လို့ရှိရင် ကျွတ်တမ်းဝင်နိုင်တယ် (မှန်ပါ့)၊ သဘောပါပလား(ပါပါပြီဘုရား)။

အဲ့ဒီတော့ ခင်ဗျားတို့ ကိုယ်ကျွတ်တမ်း ဝင်မှာ မဝင်မှာ ကို ဘာမှ ခင်ဗျားတို့ သံသယရှိမနေနဲ့ ဒီဟာကို ဟောနိုင်တဲ့ ပုဂ္ဂိုလ်နဲ့ နာနိုင်တဲ့ နားရှိရင် ကျွတ်တမ်းဝင်တာပဲ(မှန်ပါ့ဘုရား)။

## ဟောနိုင်တဲ့ ပုဂ္ဂိုလ်နဲ့ဆောင်နိုင်တဲ့နား

ဟောနိုင်တဲ့ပုဂ္ဂိုလ်ရှိရင် ခင်ဗျားတို့ တဝက်ပြီးတယ်၊ နာနိုင်တဲ့ နားရှိလို့ရှိရင်လည်း (တဝက်ပြီးပါတယ်ဘုရား)၊ တဝက်ပြီးတော့ နှစ်ခုပေါင်းလိုက်တဲ့အခါ အပြည့်ဖြစ်သွားတာ ပဲ (မှန်ပါ့)၊ သဘောကျပလား (ကျပါပြီဘုရား)။

တစ်ယောက်တည်းနဲ့တော့ မဖြစ်ဘူး (မှန်ပါ့)၊ ဒီဟော

နိုင်တဲ့ပုဂ္ဂိုလ်က သူညတကိုဟော ၊ ဟိုက ထောင်နိုင်တဲ့နားမရှိရင်တော့ မရဘူး (မှန်ပါ့) ထောင်နိုင်တဲ့ နားရှိပြီး ဟောမည့်သည့်ပုဂ္ဂိုလ်မရှိပြန်လည်း ခုနက ကိလေသာ မစင်ဘူး (မှန်ပါ့)၊ သဘောပါပလား (ပါ, ပါပြီဘုရား)။

## ဖြစ်ပျက်နဲ့ မဂ်နဲ့ကိုက်အောင်သာလုပ်ပါ။

ဒါဖြင့် အခုခင်ဗျားတို့ဟောတဲ့ ပုဂ္ဂိုလ်လည်းကြုံပြီ၊ နာနိုင်တဲ့ နားလည်း ခင်ဗျားတို့ရှိပြီ (မှန်ပါ) ထိုကဲ့သို့ ရှိတဲ့အတွက် ခင်ဗျားတို့သည် ဓမ္မာနုဓမ္မ ပဋိပတ္တိဆိုတဲ့အတိုင်း ဖြစ်ပျက်နဲ့ မဂ်နဲ့ ကိုက်အောင်လုပ် (မှန်ပါ) ဘယ်လိုလုပ်ရမလဲ (ဖြစ်ပျက်နဲ့မဂ် ကိုက်အောင်လုပ်ရပါမယ်ဘုရား)။

အဲဒါသာ ခင်ဗျားတို့ မီးပွတ်သောယောက်ျားကဲ့သို့ ဖြစ်ပျက်နဲ့ မဂ်နဲ့ကိုက်အောင်သာ လုပ်နေမယ် ဆိုလို့ရှိရင်ဖြင့် ခင်ဗျားတို့ ဒီတဏှာ မာန စွဲလန်းတဲ့ဥစ္စာ လာဦးမလား၊ (မလာပါဘုရား) စွဲမှသာလျှင် နောက်ခန္ဓာရမှာ၊ မစွဲရင် (မရပါဘုရား) ရှင်းပလား (ရှင်းပါပြီဘုရား)။

ကဲ . . . ယနေ့ ဒီတွင် တော်ကြဦးစို့။

**သာဓု . . . သာဓု . . . သာဓု . . . ။**

ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
အမရပူရမြို့၌ ဟောကြားတော်မူသော

# သုညတတရားတော်

## (အကြီးဆုံးလက်ဆောင်ပေးလိုက်တာပါ)

ဟောကြားသည့်နေ့ (၃၀-၉-၆၁)

အနာထပိဏ်သူဌေးကြီးဟာ တစ်နေ့ကျောင်းကို နှစ်ခေါက် သုံးခေါက်ရောက်တယ်၊ သူဆောက်ထားတဲ့ ဇေတဝန်ကျောင်းကို တစ်နေ့ နှစ်ခေါက်သုံးခေါက်ရောက် တယ်. . . (မှန်ပါ့ဘုရား)။

မနက်သွားရင် ယာဂုကလေး ဘာလေး ယူသွားလေ့ ရှိတယ် နေ့လည်သွားလို့ရှိရင် စတုမဓု အစရှိသည်ယူသွား တယ်၊ ညနေ သွားလို့ရှိရင်ပန်း၊ ဆီမီးစသည်တို့ယူသွားလေ့ ရှိတယ်။

ကျောင်းရောက်တော့ဘုရားထံနှင့်တကွ ရှင်သာရိပုတ္တရာ၊ ရှင်မောဂ္ဂလာန်တို့ထံ ဝင်တာပဲ၊ ဝင်ပေမယ့်လဲ ဒါနကထာ သီလကထာတွေကိုသာ အများအားဖြင့် ဟောလိုက်တယ်၊ သုညကဖြစ်တဲ့ ဝိပဿနာကို မဟောကြဘူး. . . (မှန်ပါ့ ဘုရား)။

## အနာထပိဏ်သူဌေးကြီးမမာဘူး

တစ်နေ့သဍ္ဍကျလာတဲ့အခါ ကျောင်းမသွားနိုင်တော့ဘူး၊ဝေဒနာက သေမည့်ဝေဒနာဖြစ်တယ်၊ ဒါနဲ့ အခိုင်းအစေကို လွှတ်လိုက်တယ်။

ဘုရားဆီကို ရှိခိုးခဲ့ကွာ. . . ဒကာကြီးတော့ ကျောင်း မလာနိုင်ဘူး၊ ရှင်သာရိပုတ္တရာဆီတော့မင်းဝင်ခဲ့၊ အနာထပိဏ် သူဌေးကြီးက ရှစ်ခိုးလိုက်ပါတယ်၊ အိမ်ကိုလဲ ခေတ္တကြွဖို့ လျှောက်လိုက်ပါတယ်ဆိုပြီးတော့ ခိုင်းလိုက်တဲ့အခါမှာ အခိုင်း အစေကလဲ အားလုံးလျှောက်တော့ ရှင်သာရိပုတ္တရာကလဲ. . .

## ရှင်သာရိပုတ္တရာနဲ့ရှင်အာနန္ဒာ

ကဲကွာ အာနန္ဒာ-အနာထပိဏ်သူဌေးကြီး မမာဘူးတဲ့ တို့ လူမမာဆီသွားကြည့်ရအောင်ဆိုပြီး သဘောတူသွားကြ တယ်လို့မှတ်ရမယ်. . . (မှန်လှပါဘုရား)။

သဘောတူသွားကြပြီး သကာလ ဒကာကြီး ဝေဒနာ ဘယ့်နှယ်နေသတုံးမေးတော့. . .

ဒကာကြီးက ဝေဒနာကတော့ဘုရား-ရှေ့သာတိုးတယ်၊ နောက်မဆုတ်ပါဘူး၊ အမျိုးမျိုး ဝေဒနာဖြစ်ပုံ-ထိပ်ခေါင်းကိုက်တာကိုလည်း ထိပ်မှာစူးကလေးနဲ့ထိုးသလို၊ ဝမ်းထဲမှာ ပူတာကလဲ အားကောင်း၍ လူနှစ်ယောက်ကိုင်ပြီးမီးဖိုပေါ်မှာ တပည့်တော်ကို ကင်သလိုပဲဘုရား၊ ဝေဒနာရှေ့သာတိုးတယ် နောက်မဆုတ်ဘူးတဲ့ . . . (မှန်ပါ့ဘုရား)

ဒီတော့ ရှင်သာရိပုတ္တရာက စဉ်းစားမိပါတယ် ဘယ်လို စဉ်းစားမိသတုံးဆိုတော့ ဝေဒနာကြည့်ရတာကတော့၊ ဒီဝေဒနာဟာ အထမြောက်မည့် ဝေဒနာမဟုတ်ဘူး၊ အလကားစကားတွေပြောနေရင်အပိုပဲ၊ တရားစကားပဲ ပြောတာကောင်းတယ်၊ တရားပဲဟော တာကောင်းတယ်လို့ သူ့စိတ်ထဲမှာပေါ်လာတယ်. . (မှန်ပါ့ဘုရား)

## ခန္ဓာငါးပါးဘယ်ဟာမှမစွဲနဲ့

ဒါနဲ့ ဟောလိုက်တဲ့တရားကို ဒကာကြီးဘယ်ဟာမှ မစွဲပါနဲ့ ခန္ဓာငါးပါးဘယ်ဟာမှမစွဲပါနဲ့၊. . . (မှန်လှပါဘုရား)။

ဒါက ခန္ဓာငါးပါးဘယ်ဟာမှမစွဲနဲ့၊ တဏှာ မာန ဒိဋ္ဌိနဲ့မစွဲပါနဲ့၊ စွဲလို့ရှိရင် စွဲရာဖြစ်တဲ့ခန္ဓာရလိမ့်မယ်၊ နောက်

ခန္ဓာ အနာဂတ်ခန္ဓာ. . . (မှန်လှပါဘုရား)။

ပစ္စုပ္ပန်ခန္ဓာကို တစ်ခုခုနဲ့ တဏှာ မာန ဒိဋ္ဌိတစ်ခုခု စွဲရင်အနာဂတ်ခန္ဓာရလိမ့်မယ်(မှန်ပါ)ဆိုတော့ ဒါအနာထပိဏ် သူဌေးသေ ခါနီး ဟောတဲ့တရားလို့ဒကာကြီးရော ဆရာ့ဝန်ကြီး ရောမှတ်ရမယ်နော် (မှန်လှပါ) သေခါနီးမှာ သိပ်အရေးကြီး လို့ပြောနေတယ်လို့မှတ်ရမယ်. . . (မှန်ပါဘုရား)။

ဘာမှမစွဲနဲ့၊ ဒီခန္ဓာလဲမစွဲနဲ့၊ ရှင်သာရိပုတ္တရာက ယုတ်စွအဆုံး ဒကာကြီး နတ်ပြည်၊ ဗြဟ္မာပြည်လဲ မစွဲနဲ့၊ လူ့ပြည်၊ နတ်ပြည်၊ ဗြဟ္မာပြည်လဲမစွဲနဲ့၊ စွဲရင်အဲဒါတွေ ပြန့်ဖြစ်ဦးမယ်ဆိုတော့ သိပ်ကြောက် စရာကောင်းပါလား. . . (ကောင်းပါတယ်ဘုရား)။

ဘာဖြစ်လို့တုံးဆိုတော့ တဏှာဥပါဒါန်က၊ လူ့ခန္ဓာ၊ နတ်ခန္ဓာလာမှာပဲတဲ့၊ ဒိဋ္ဌိဥပါဒါန်က၊ မာနဥပါဒါန်တို့ အတူတူ ပဲတဲ့၊ အပါယ်လေးပါး ခန္ဓာတွေလာချင်လိမ့်မယ်၊ (မှန်ပါ့) မစွဲရင် မပေါ်ဘူး၊ ပစ္စုပ္ပန်ခန္ဓာကို တဏှာ မာန ဒိဋ္ဌိတခုခုနဲ့ စွဲရင် နောက်ခန္ဓာပေါ်မယ်၊ ဒါကို ဟောလိုက်တယ်. . . (မှန်ပါ့ဘုရား)။

ဒါဖြင့် လူ့ပြည်၊ နတ်ပြည်၊ ဗြဟ္မာပြည်လဲ မစွဲနဲ့လို့ ဟောတာ၊ (မှန်ပါ့) ရှင်းကြပြီနော်၊ (ရှင်းပါပြီဘုရား) လူ့ပြည်၊ နတ်ပြည်၊ ဗြဟ္မာပြည်ကော၊ (မစွဲနဲ့) မစွဲရဘူး၊ စွဲရင် အဲဒီ သွားဖြစ်မယ်. . . (မှန်ပါ့ဘုရား)။

ဥပါဒါန်ရှိရင် ဥပါဒါနက္ခန္ဓာလာမှာပဲ၊ (မှန်ပါ့) ဒီမှာ ဥပါဒါန်ရှိရင် ဥပါဒါနက္ခန္ဓာလာမယ်၊ ဒါကြောင့် ဥပါဒါနက္ခန္ဓာလို့ ခေါ်ပါတယ် . . . (မှန်ပါ့ဘုရား)။

ဒါက ဥပါဒါန် ဒါက ဥပါဒါနက္ခန္ဓာ (မှန်ပါ့) ဒါသေသေချာချာမှတ်ပါ၊ ဥပါဒါန်ရှိရင် ဘာလာမယ်၊ (ဥပါဒါနက္ခန္ဓာလာပါမယ်ဘုရား) အံမာလေး ကြောက်စရာကြီးပါလား. . (မှန်လှပါဘုရား)။

## အစွဲရှိရင်ဒုက္ခဖြစ်မှာပဲ

ဒါဖြင့် ဥပါဒါန်က သမုဒယသစ္စာ ဥပါဒါနက္ခန္ဓာက ဒုက္ခသစ္စာ၊ (မှန်ပါ့) အစွဲရှိရင် ဒုက္ခဖြစ်မှာပဲ . . . (မှန်ပါ့ဘုရား)။

အစွဲရှိရင် (ဒုက္ခဖြစ်မှာပါဘုရား) ဒုက္ခဖြစ်မယ်ဆိုတော့ကို ဒါ အခုတရားနာတဲ့ ပုဂ္ဂိုလ်တွေက ရှင်းသွားတယ်. . . (မှန်ပါ့) ဩော်. . . အစွဲရှိရင်ဖြစ်မှာပဲ။

တစ်ခါဆက်ပြောပြန်တယ်၊ ဒကာကြီး သူများကပြောဖူးတာကလေးလည်းမစွဲနဲ့တဲ့၊ ဒီကျအောင်ဆုံးမတယ်၊ (မှန်ပါ့ဘုရား)။

## သေခါနီးမှာတရားဟောနေတာ

သူများဘာကောင်းတယ်၊ ညာကောင်းတယ်ဆိုတာ ကလေး ပြောသံကြားလည်း မစွဲနဲ့ ကိုယ်. . . စားသောက်ဖူး တာကလေးလည်း မစွဲနဲ့တဲ့၊ ယုတ်စွအဆုံးဗျာ ခင်ဗျားရှိတဲ့ အဝတ်အစားတွေကစပြီး မစွဲနဲ့၊ (မှန်ပါ့) စွဲရင်စွဲတဲ့ ခန္ဓာရမယ်. . . (မှန်ပါ့ဘုရား)။

ဒါ. . . ဒကာ ဒကာမတွေ မှတ်ဖို့ရာ သိပ်အရေးကြီးပါ တယ်တဲ့၊ အနာထပိတ်သူဌေးကြီး သေခါနီးမှာ ရှင်သာရိပုတ္တရာ လာဟောနေတာ. . . (မှန်ပါ့ဘုရား)။

ဒါဖြင့် ကြားဖူးမြင်ဖူး၊ တွေ့ဖူးတာတောင်ဘာတုံး. . . (မစွဲရပါဘုရား) စွဲရင် တဏှာ မာနဒိဋ္ဌိဥပါဒါန်လာလိမ့်မယ်၊ ဥပါဒါန်လာရင် ဥပါဒါနက္ခန္ဓာလာမှာပဲ၊ (လာမှာပါဘုရား) ဥပါဒါနက္ခန္ဓာလာမယ်၊ ဒါကြောင့် သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာ ပိဒုက္ခာသစ္စံဥပါဒါ နက္ခန္ဓာဟာ ဒုက္ခာသစ္စာကွတဲ့၊ (မှန်ပါ့ဘုရား)။

ဒါကြောင့် သေခါနီးဘယ်လောက်အရေးကြီးတယ်ဆို တာ ဆရာဝန်ကြီး မှတ်ထားပါ၊ (မှန်ပါ့) ဘာမှမစွဲကြပါနဲ့၊ သေတော့သေကြမှာချည်းပဲ ကျုပ်တို့တတွေ. . . (မှန်ပါ့ ဘုရား)။

## အနာထပိဏ်သူဌေးကြီးငိုတယ်

အဲဒီလိုပြောလိုက်တဲ့အခါကျတော့ ခန္ဓာငါးပါးလည်း မစွဲနဲ့၊ ဟိုဘုံဒီဘုံလည်း မစွဲနဲ့၊ မြင်ဖူးကြားဖူးတာတွေလည်း မစွဲနဲ့ဆိုတော့ ဘာမှမစွဲနဲ့လို့ ပြောတာ၊ (မှန်ပါ့) ဒီတော့ အနာထပိဏ်သူဌေးကြီးက ငိုတယ်. . . (မှန်ပါ့ဘုရား)။

အနာထပိဏ်သူဌေးကြီးက ငိုတော့ ရှင်အာနန္ဒာက မေးတယ် ဒကာကြီး အခုရှိတဲ့ပစ္စည်းတွေ စွန့်ပြီး သေရမှာမို့ ဒကာကြီး ငိုတာလား၊ ကုသိုလ်တွေများ ဆုတ်ယုတ်ကုန်တယ် ထင်ပြီးသကာလ ငိုတာလားဆိုတော့ အရှင်ဘုရား ဒီလို မထင်ပါနဲ့၊ တပည့်တော်က ဒါတွေကို ကိစ္စမရှိပါဘူး။

တပည့်တော်ဟာ နှစ်ပေါင်းများစွာ ဘုရား၊ ကျောင်း ဒကာလည်းဖြစ်တယ်၊ နေ့တိုင်းလည်း သံဃာငါးရာ ယာဂု ဆွမ်းကပ်တယ်၊ တစ်နေ့လည်း ကျောင်းကို နှစ်ခေါက် သုံးခေါက်ရောက်တယ်၊ ဒီမစွဲနဲ့ဆိုတဲ့ တရားကို တစ်ခါမှ မနာရဘူးတဲ့ . . . (မှန်ပါ့ဘုရား)။

## သုညတတရားမနာဖူးလို့ငိုတာ

ဘုရားကလည်း မဟောဘူး၊ ရှင်သာရိပုတ္တရာ၊ ရှင်မောဂ္ဂလ္လာန်တို့လည်း မဟောဘူး၊ တပည့်တော် အကျွမ်းဝင်တဲ့ သံဃာဆိုတော့ ဇေတဝန်ကျောင်း တစ်တိုက်လုံးပဲ၊ တစ်ခါမှ

မဟောဖူးတော့ ဒါဟာ သုညတတရား ဘယ်ဟာမှမစွဲဘဲနဲ့ ပုဂ္ဂိုလ်သတ္တဝါအဖြစ်ကို ဘာမှ မယူနဲ့ဆိုတာ သုညတတရား အရဟတ္တဖိုလ်ရောက်မည့်တရား . . . (မှန်ပါ့ဘုရား)။

ဒီတရားမနာရလို့ တပည့်တော် ဝမ်းနည်းပြီး ငိုတာဆိုတော့ ရှင်သာရိပုတ္တရာက အဖြေထုတ်ပါတယ်၊ ဒကာကြီးတို့လူတွေမှာ သားရေး၊ သမီးရေး၊ စီးပွားရေးနဲ့ ရှုပ်ပွေလိမ်ပြီး သကာလနေတဲ့ ပုဂ္ဂိုလ်မှာ ဒီသုညတတရား ဘယ်ဟာမှ မစွဲနဲ့ဆိုတာ ဟောလိုက်လို့ရှိရင် လက်ခံနိုင်မှာမဟုတ်ဘူး၊ ဒါကြောင့် ကျုပ်တို့မဟောဘဲနေတာတဲ့ . . . (မှန်ပါ့ဘုရား)။

## နောင်လာနောက်သားတွေအတွက်ဟောခွင့်ပြုပါ

ဒီတော့ အနာထပိဏ်သူဌေးကြီးက ပြန်လျှောက်တယ်၊ အရှင်ဘုရား တပည့်တော် ဒီဝေဒနာနဲ့ သေရမှာပါပဲ၊ သို့သော် နောင်လာ နောင်သားတွေအတွက် တော်တော်အရေးကြီးတယ် . . . (မှန်ပါ့ဘုရား)။

အရှင်ဘုရားတို့က ဒီလိုဖြစ်ပျက်ဒုက္ခသစ္စာပဲ၊ ဘာမှ မစွဲနဲ့၊ ဒါဖြစ်ပျက်ဒုက္ခသစ္စာချည်းပဲ ဘာမှမစွဲနဲ့၊ ဒီလိုဟောဖို့ အခွင့်အရေးရှိတယ်တဲ့၊ လူပေမယ့်လည်း ဉာဏ်မျက်စိပေါ်မှာ ကိလေသာမြူ အနည်းငယ်အုပ်တဲ့ ပုဂ္ဂိုလ်လည်းရှိတယ်၊ များများအုပ်နေတဲ့ ပုဂ္ဂိုလ်လည်းရှိတယ် . . . (မှန်ပါ့ဘုရား)။

များများကြီးအုပ်နေတဲ့ပုဂ္ဂိုလ် မဟောချင်နေပါ၊ အနည်းငယ်အုပ်တဲ့ပုဂ္ဂိုလ်မှာတော့ ဒီသုညတတရား ဖြစ်ပျက်တရားကို မနာလိုက်ရလို့ရှိရင် ကိုယ်ကျိုးနည်းတော့မယ် . . . (မှန်ပါ့ဘုရား)။

## သုညတ တရားမှမဂ်ဉာဏ်ဆိုက်တယ်

ဒီလိုပုဂ္ဂိုလ်တွေ အများကြီးရှိပါတယ်တဲ့ . . . (မှန်ပါ့ဘုရား) ဒီတော့ ရှင်သာရိပုတ္တရာက သူပြောတာဟုတ်တယ်ဆိုတော့ အနာထပိဏ်သူဌေးကြီး ငိုတာ ဦးမာဒင်တို့၊ ဦးဘရှင်းတို့က အကဲခတ်ရမယ်၊ သုညတတရားကို မနာရလို့ . . . (မှန်ပါ့)။

ဘုရားနဲ့တကွ ရှင်သာရိပုတ္တရာ၊ ရှင်မောဂ္ဂလ္လာန်တို့နဲ့ နှစ်ပေါင်းသုံးဆယ့်ငါး လေးဆယ်၊ မနည်းဘူး ဆည်းကပ်နေခဲ့ရတာတွေ၊ သုညတတရား မနာရဘူး၊ (မှန်ပါ့) သုညတတရားမှ မဂ်ဉာဏ် ဖိုလ်ဉာဏ်ဆိုက်တယ် . . . (မှန်ပါ့)။

အဲဒီလို သူမှာပစ်ခဲ့လို့ ခင်ဗျားတို့နာရတယ် အောက်မေ့ပါ (မှန်ပါ့) သဘောကျပလား . . . (ကျပါပြီဘုရား)။

ဒါဖြင့် ဒီပြင် သုညတမဆိုက်တဲ့ တရားဟူသရွေ့ နောက်က ဒကာဒကာမတွေ မှတ်ကြ၊ နိဗ္ဗာန်မရောက်ဘူး၊ (မှန်လှပါဘုရား) သုညတမဆိုက်ရင် နိဗ္ဗာန်မရောက်ဘူး . . . (မှန်ပါ့ဘုရား)။

## သုညတဆိုတာဘာပါလိမ့်

သုညတဆိုက်မှ နိဗ္ဗာန်ရောက်မယ်၊ သုညတဆိုတာ ဘာပါ လိမ့်မတုံးလို့မေးတော့ လွယ်ပါတယ်၊ ဘုန်းကြီးတို့ ဒကာဒကာမ တွေမှာ ဒီခန္ဓာငါးပါးရှိတယ်၊ ဒါတွေကို ဖြစ်မှုပျက်မှု မြင်နေလို့ရှိရင် ဒါ . . . ငါ-ငါ့ဥစ္စာမဟုတ်လို့ ပျက်တာပဲဆိုတာ သုညတဟာ ဝင်သွားတာပဲ၊ (မှန်ပါ့) ဒီမဂ်ဟာ သုညတမဂ် ဖြစ်သွားတယ် (မှန်ပါ့) ဒါတွေက သုညတဖြစ်သွားတယ် ရှင်းကြပလား . . . (ရှင်းပါပြီ ဘုရား)။

ဒါဖြစ်တဲ့အခါ ဘာတုံး သုညတ၊ ငါ-ငါ့ဥစ္စာ မဟုတ်ပဲ ကိုး၊ (မှန်ပါ့) ဒီဟာက သုညတမဂ်၊ အာရုံက သုညတ၊ အာရမ္မဏိက,က သုညတမဂ် ဖြစ်သွားတယ် . . . (မှန်ပါ့) ဒါမှ ဒီဥပါဒါန်ပြုတ်တယ်၊ ဒါမှ နောက်ခန္ဓာ မလာတယ် . . . (မှန်ပါ့) သဘောပါကြပလား . . . (ပါ, ပါပြီဘုရား)။

ဒါဖြင့် ခင်ဗျားတို့မှတ်ပါ ဩော် . . . အနာထပိဏ် သူဌေးကြီးတောင်မှ ကျောင်းဒကာလည်း ကျောင်းဒကာ၊ ကုဋေများစွာလည်း လှူပါတယ်၊ သာသနာတော်မှာ ငါးဆယ့် လေးကုဋေလှူတယ် . . . (မှန်ပါ့)။

ဒါလောက်ကြီးကျယ်အောင်ပဲ လုပ်ပါတယ်တဲ့၊ လုပ်ပင် လုပ်ငြားသော်လည်း သုညတတရားကို သေကာနီးမှ နာရတယ်၊ (မှန်ပါ့ဘုရား)။

စောစောကတည်းက ဘုရားနဲ့ တွေ့တွေ့ချင်း သောတာပန် တည်တာတော့ တည်ပါတယ်၊ သုညတ ဒေသနာတော်ကို မနာခဲ့ရဘူးတဲ့ . . . (မှန်ပါ့) ရှင်းပလား . . . (ရှင်းပါပြီဘုရား) သဒ္ဒါနုသာရီ သဒ္ဒါနဲ့တည်သွားတယ် . . . (မှန်ပါ့)။

## သုညတတရားငုပ်နေတာကြာပြီ

အဲဒါကြောင့် ခင်ဗျားတို့ ဒီသုညတတရား ကွယ်သွားရင် ဒုက္ခနဲ့ နေရစ်ပေတော့ဆိုတာနဲ့ အတူတူပဲ၊ (မှန်ပါ့) သုညတ မကွယ် သေးလို့ရှိရင် ခင်ဗျားတို့ တက်လမ်းရှိသေးတယ် . . . (မှန်ပါ့ဘုရား)။

သုညတ - တရားဟောတတ်တဲ့ပုဂ္ဂိုလ်ကွယ်ပြီ၊ ခင်ဗျားတို့ ထောင်တတ်တဲ့ နားမရှိတော့ဘူးဆိုရင်ဖြင့် ပြော် . . . လောက ခုဖြစ်လာတာ အချည်းအနှီးသာ မှတ်ပေတော့၊ (မှန်ပါ့) အချည်းနှီးပဲ၊ သဘောပါကြပလား . . . (ပါ-ပါပြီ ဘုရား)။

ဒီ-သုညတကလေးပေါ်လာတာလဲ ခင်ဗျားတို့ တော်တော်ကြာပြီလို့ အောက်မေ့မနေနဲ့၊ ငုတ်နေတာကြာလှပြီ၊ ဒါ . . . ဘယ်သူမှ လက်မခံနိုင်ဘူး . . . (မှန်လှပါဘုရား) ဒါန တရား-သီလတရားနဲ့ အနာထပိဏ်ပြောသလိုပဲ . . . (မှန်ပါ့)။

## ဖြစ်ပျက်မြင်ရင်သုညတ

ကိုင်း . . . ဒါဖြင့် ဒီနေ့ သုညတ တရား သဘောကျပလား(မှန်ပါ့)ဖြစ်ပျက်မြင်ရင် သုညတ၊ (မှန်ပါ့ဘုရား) ဦးဘရှင်းဘယ်နှယ့်ဆိုကြမလဲ . . . (ဖြစ်ပျက်မြင်ရင် သုညတပါဘုရား)။

ဖြစ်ပျက်မြင်ရင် သုညတ၊ ဖြစ်ပြီးပျက်တဲ့ ဓမ္မက ဒကာဒကာမတွေ ငါ-လို့လဲဆိုလို့ မရပါဘူး၊ ငါ့ဥစ္စာလို့ကော (ဆိုလို့မရပါဘုရား) မရရင် သုညတပေါ့ . . . (မှန်ပါ့) ငါ-ငါ့ဥစ္စာမှဆိတ်သုဉ်းတာကိုး . . . (မှန်ပါ့ဘုရား) ဖြစ်ပျက်ဓမ္မသည် ငါ-ငါ့ဥစ္စာမှ ဆိတ်သုဉ်းသော သုညတလို့ မှတ်ထားလိုက်ပါ . . . (မှန်ပါ့)။

ဒါကြောင့် ဒကာကြီးတွေ နေတိုင်းအလုပ်လုပ်နေတာဘာလုပ်နေတာပါလိမ့်၊ သုညတကြည့်ပြီး သုညတမဂ်ပေါ်နေတာ၊ (မှန်ပါ့ဘုရား) သုညတမဂ်ပေါ်လို့ ဥပါဒါန်ချုပ်တယ်၊ ဥပါဒါန်ချုပ်လို့ နောက်ခန္ဓာသိမ်းတယ်၊ (မှန်ပါ့) နောင်ဒုက္ခသိမ်းနေတာမှတ်ကြပါ . . . (မှန်ပါ့) သဘောပါကြပလား . . . (ပါ-ပါပြီဘုရား)။

## သုညတ တရားဟောတော်မူရစ်ကြပါ

ဒါနဲ့ ကဲ . . . ဒါဖြင့် ဒကာကြီးလဲ သုညတတရားတွေနာရပြီ ဆိုပြီးသကာလ သူလည်းတို့ကို တရားတောင်းပန်သွားပြီ

အရှင်ဘုရားတို့ ကိလေသာနည်းတဲ့ပုဂ္ဂိုလ်များ သုညတတရား မနာရလို့ရှိရင်ဖြင့် ကိုယ်ကျိုးနည်းကုန်လိမ့်မယ်ဘုရား၊ ဟောတော်မူရစ်ကြပါ ဆိုပြီးသကာလ ရှင်သာရိပုတ္တရာနဲ့ ရှင်အာနန္ဒာ ကြွသွားရော၊ ဇေတဝန် ပြန်မရောက်သေးဘူး စုတိစိတ်ကျတယ်၊ စုတိစိတ်ကျပြီး တုသိတာနတ်ပြည်မှာ သွားဖြစ်တယ် (မှန်ပါ့ဘုရား)။

## တုသိတာနတ်ပြည်မှာနတ်သားဖြစ်တယ်

တုသိတာနတ်ပြည်ရောက်တော့ ရွှေတုံး၊ ရွှေခဲနဲ့ နတ်ပြည်မှာ ဥယျာဉ်ဗိမာန် ပဒေသာပင် အလုံးစုံ အကုန်ပြည့်စုံနေတာတွေ အကုန်ကြည့်လိုက်တော့ သူ့စိတ်ထဲမှာ သူက သောတာပန်တည်ပြီးသားဖြစ်နေတော့ ဩော် . . . ငါးပါးအာရုံ ကာမဂုဏ်လိုက်စားတဲ့ ပုဂ္ဂိုလ်တွေအတွက်မှာ ဒီဥစ္စာဖြင့် အလွန်ကောင်းတဲ့နေရာလို့ ဆိုရမှာပဲ၊ အခုတော့ဖြင့် သောတာပန်ဖြစ်ပြီး သကာလနေတဲ့အတွက် ဒီဟာတွေနဲ့ တာရှည်နေလို့ရှိရင် လူပြည်ကပါလာတဲ့ တရားကလေးဟာ မေ့လိမ့်မယ်၊ သုညတ တရားကလေး မေ့သွားမှာစိုးတယ်။ (မှန်ပါ့) ဒါနဲ့ လူ့ပြည်ပြန်ဆင်းလာတယ် ညပဲပြန်ဆင်းလာတယ် . . . (မှန်ပါ့)။

## ဘုရားထံလာလျှောက်တယ်

ညဘက်ဆင်းလာတော့ ဘုရားဆီအရောင်, အဆင်း, အလင်းတွေနဲ့လာတယ် လာပြီးသကာလဘုရားလာလျှောက်တယ်။

**ကမ္မံ ဝိဇ္ဇာစ ဓမ္မောစ၊ သီလံ ဇီဝိတမုတ္တမံ။**

**ဧတေန မစ္စာသုဇ္ဈန္တိ၊ န ဂေါတ္တေ နဓနေနဝါ။**

ဒါ . . . နတ်သားရွတ်တဲ့ဂါထာ၊ (မှန်ပ့ါ) လောကကြီးထဲမှာ ဘုရား-တဲ့၊ သုညတကို အာရုံပြုတဲ့ သမ္မာဒိဋ္ဌိ-သမ္မာသင်္ကပ္ပမဂ္ဂင်ဆိုတဲ့ မဂ္ဂင်နှစ်ပါးဘုရား-တဲ့၊ သမ္မာဝါစာ, သမ္မာ ကမ္မန္တ, သမ္မာအာ ဇီဝဆိုတဲ့ သီလမဂ္ဂင်သုံးပါး ဘုရားတဲ့ သမ္မာဝါယာမ သမ္မာသတိ, သမ္မာသမာဓိဆိုတဲ့ သမာဓိမဂ္ဂင်က သုံးပါးတဲ့၊ မဂ္ဂင်ရှစ်ပါးရှိတယ်တဲ့၊ အဲဒီမဂ္ဂင်ရှစ်ပါးဟာ ဖြစ်ပျက်မြင်တဲ့မဂ္ဂင်ရှစ်ပါးရှိတယ် . . . တဲ့၊ ဖြစ်ပျက်အဆုံးမြင်တဲ့မဂ္ဂင်ရှစ်ပါး၊ သူမှပဲ ကိလေသာကို စင်ကြယ်စေပြီးသကာလ ဒုက္ခသိမ်းတဲ့ နိဗ္ဗာန်ကို ပို့နိုင်တယ်ဘုရားလို့ သွားလျှောက်တယ်၊ (မှန်ပ့ါ) ရှင်းကြပလား၊ (ရှင်းပါပြီဘုရား)။

## မဂ္ဂင်ရှစ်ပါးသာ၊ နိဗ္ဗာန်ကိုပို့နိုင်တယ်

မဂ္ဂင်ရှစ်ပါးသာလျှင် ကိလေသာ အညစ်အကြေး ကင်းဝေးပြီးသကာလ ချမ်းသာစစ်ကို ပို့နိုင်တဲ့တရား ရှိပါတယ်လို့ ဘုရားလျှောက်တယ် . . . (မှန်ပါ့ဘုရား)။

ကမ္မဝိဇ္ဇာစ(ပ) သုတ္တန္တိ၊ သတ္တဝါတွေမှာတဲ့ ယခုမဂ္ဂင်ရှစ်ပါးပဲ စင်ကြယ်အောင် လုပ်ပေးတာရှိတာပဲတဲ့ **နဂေါဠွေနမနေဝါ၊** အနွယ်တွေဖြစ်သဖြင့် ဇာတ်အကြီးစားပေမယ့် ကိလေသာစင်ကြယ်အောင် နိဗ္ဗာန်ရောက်အောင် မဆိုင်းဘူးတဲ့၊ ဒီမဂ္ဂင်ရှစ်ပါးကို အလုပ်လုပ်မှပဲ . . . (မှန်ပါ့ဘုရား)။

ပေါ်ကြပလား . . . (ပေါ်ပါပြီ) ဘာလုပ်မှတုံးတဲ့ . . . (မဂ္ဂင်ရှစ်ပါး လုပ်ရပါမယ်ဘုရား)။

## ပေါ်စေတတ်တဲ့အာရုံကိုဉာဏ်လှည့်မှုရမည်

ရှစ်ပါးက ခင်ဗျားတို့ စဉ်းစားကြည့်ပါ၊ ရှစ်ပါးက ရှိမှပေါ်တယ်၊ (မှန်ပါ့) မရှိရင် (မပေါ်ပါဘုရား) မပေါ်ဘူးဆိုတော့ ရှစ်ပါး အလုပ်လုပ်၊ ရှစ်ပါးအလုပ်လုပ်ဆိုတဲ့ ဥစ္စာက ခင်ဗျားတို့ အိပ်နေလို့ ပေါ်တဲ့အလုပ်မျိုးမဟုတ်ဘူး၊ စားဖတ်နေလို့လည်း ပေးတဲ့အလုပ်မျိုး မဟုတ်ဘူး၊ ဦးဘရှင်း သေသေချာချာမှတ်ပါ . . . (မှန်ပါ့ဘုရား)။

စာဖတ်နေလို့လည်း သူ့ဝမ်းထဲမှာ မဂ္ဂင်ရှစ်ပါး မပေါ်

လာဘူး၊ ဆုတောင်းနေလို့လည်း မပေါ်လာဘူး၊ (မှန်ပါ့) သူပေါ်စေတတ်တဲ့ အာရုံကို သူညာဏ်လှည့်မှ ပေါ်တယ် . . . (မှန်လှပါဘုရား)။

## မျိုးနွယ်ကောင်းရုံ၊ ပစ္စည်းပေါရုံနှင့်မရ

ဒါဖြင့် ခန္ဓာ၏အနိစ္စအချက်၊ ဒုက္ခအချက်၊ အနတ္တအချက်တွေကို တစ်ချက်ချက်မြင်ပါမှ သူပေါ်တယ် . . . (မှန်ပါ့) မမြင်ရင် . . . (မပေါ်ပါဘုရား)။

ဒါဖြင့် နိဗ္ဗာန်ပေါ်ဖို့ရာသည် အနွယ်ကောင်းသဖြင့်လည်းမပေါ်နိုင်၊ ပစ္စည်းပေါသဖြင့်လဲ . . . (မပေါ်နိုင်ပါဘုရား)။

စာဖတ်နေသဖြင့်လဲ (မပေါ်နိုင်ပါဘုရား) ကိုယ်ဟာကိုယ် ကြံတွေးနေသဖြင့်လဲ (မပေါ်နိုင်ပါဘုရား) မပေါ်နိုင်ဘူးတဲ့။

## ခန္ဓာ့ပင်ကိုသဘောကိုညာဏ်နဲ့ကြည့်နေ

ဒါဖြင့် ဘယ့်နှယ်လုပ်ရမှာတုံးဆိုတော့ ခန္ဓာ့ပင်ကိုသဘောကို ညာဏ်နဲ့ကြည့်နေမှပေါ်မယ် . . . (မှန်ပါ့) သဘောကြပလား . . . (ကျပါပြီဘုရား)။

ခန္ဓာ၏ပင်ကိုယ်သဘောကို (ဉာဏ်နဲ့ကြည့်နေမှ ပေါ်ပါတယ်ဘုရား) ဉာဏ်နဲ့ကြည့်နေလို့ရှိရင်တော့ဖြင့် ခန္ဓာ့ပင်ကို သဘောက သူ့မှာဥဒယဝယဆိုတဲ့ ဖြစ်မှုပျက်မှုပဲ လူပြောနေတာ . . . (မှန်ပါ့ဘုရား)။

အဲဒါ ဉာဏ်နဲ့ကြည့်နေလို့ရှိရင်ဖြင့် ဒိပြင်ဟာနဲ့ ကြည့်လို့တော့ မြင်မှမမြင်ဘဲ၊ သူတို့နဲ့ကြည့်မှ မြင်တယ် . . . (မှန်ပါ့) သီလ ကလေးဆောက်တည်၊ သမာဓိကလေးတည်ပြီး ပညာနဲ့ ကြည့်ရတယ်. . . (မှန်ပါ့ဘုရား)။

သီလသမာဓိ ပညာနဲ့ကြည့်ရတယ်၊ သီလချည်း သက်သက်လည်း ဟိုဟာကိုမမြင်ဘူး (မှန်ပါ့) သမာဓိချည်း သက်သက်လဲ (မမြင်ပါဘုရား) ပညာကမှ (မြင်ပါတယ်ဘုရား)။

## ပညာကမှမြင်နိုင်တယ်

ပညာကမြင်နိုင်ပါတယ်၊ ဒါကြောင့် သီလချည်း သက်သက်နဲ့လည်း နိဗ္ဗာန်မရောက်နိုင်ဘူး၊ (မှန်ပါ့) သမာဓိ ချည်းသက်သက်နဲ့လဲ . . . (နိဗ္ဗာန်မရောက်နိုင်ပါဘုရား)။

ဘာကြောင့်တုံး၊ အကူအညီသက်သက်ကိုး၊ ပညာကို ကူညီတဲ့တရား၊ (မှန်ပါ့) ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

သီလသမာဓိက (ပညာကို ကူညီတဲ့ တရားပါဘုရား)

အဲ . . . မပါလည်းမပြီးဘူးပေါ့ဗျာ . . . (မှန်ပါ့) သူတို့ချည်း လည်း မရောက်ဘူးပေါ့ (မှန်ပါ့) ဒီလိုမှတ်ထားကြပါ . . . (မှန်ပါ့ဘုရား)။

မပါလည်းမပြီးဘူး၊ သူတို့ချည်းလဲ ရောက်သလား လို့မေးရင် မရောက်ဘူးလို့ မှတ်ပါနော် . . . (မှန်ပါ့ဘုရား)။

ဘာဖြစ်လို့လဲ မေးတဲ့အခါကျတော့ သီလကလည်း ရှောင်ကြဉ်ရုံမတ္တပဲ (မှန်ပါ့) သမာဓိက တည်ကြည်ရုံမတ္တပဲ၊ (မှန်ပါ့) ပညာကမှ ထိုးထွင်းသိတယ်၊ (မှန်ပါ့) မကွာဘူးလား၊ (ကွာပါတယ်ဘုရား)။

ကောင်းပြီ ဒါဖြင့် သီလသမာဓိ ပညာလို့ ဆိုငြား သော်လည်း ဒါကြောင့် ဘုရားက၊ ပညာဟိသေဋ္ဌာလောကသ္မိံ၊ ယာယံနိဗ္ဗေဓဂါမိနီ၊ ယာယသ္မာ ပဇာနာတိ၊ ဇာတိဘဝ ပရိက္ခယံ။

## ပညာသည်သာအမြတ်ဆုံး

ဒီအထဲမှာ ပညာမှပို့နိုင်တယ်ကွတဲ့၊ (မှန်ပါ့) လောကေ၊ လောက၌။ ပညာဟိ-ပညဧဝ၊ ပညာသည်သာလျှင်။ သေဋ္ဌာ၊ အမြတ်ဆုံးပဲတဲ့ . . . (မှန်ပါ့ဘုရား)။

သာစ၊ ထိုပညာသည်လည်း။ ယသ္မာ၊ အကြင့်ကြောင့်။ ပဇာ နာတိ၊ ဖြစ်ပျက်ကိုသိ၏တဲ့၊ (မှန်ပါ့) သီလကမသိဘူး

(မှန်ပါ့) သမာဓိကလဲ (မသိပါဘုရား) ပညာကပဲ သိတယ် . . . (မှန်ပါ့ဘုရား)။

ယာယံပညာ၊ အကြင်ပညာသည်။ နိဗ္ဗေဓဂါမိနီ၊ ကြားထဲ ကိလေသာတွေက ဖုံးနေကြသော်လည်း သူက ထိုးဖောက်ပြီးဖြစ်ပျက် သွားမြင်တယ် . . . (မှန်လှပါဘုရား)။

## ပညာကထိုးဖောက်ပြီးမြင်တယ်

ကိလေသာ ဖုံးနေငြားသော်လဲ (ထိုးဖောက်ပြီး ဖြစ်ပျက် မြင်ပါတယ်ဘုရား) အဲ . . . ကိလေသာက ဉာဏ်ပေါ်မှာ ဖုံးနေငြားသော်လည်း ဉာဏ်ပညာက ထိုးဖောက်ပြီး ဖြစ်ပျက်သွားမြင်တယ် (မှန်ပါ့) သဘောပါပလား . . . (ပါပါပြီဘုရား)။

ဒါကြောင့် ယာယံပညာ၊ အကြင်ပညာသည်။ နိဗ္ဗေဓဂါမိနီ၊ ဖြစ်ပျက်ဆီရောက်အောင် ထိုးဖောက်တတ်၏။ (မှန်ပါ့) သီလက မထိုးဖောက်နိုင်ဘူး၊ သမာဓိကကော . . . (မထိုးဖောက်နိုင်ပါဘုရား)။

ဖြစ်ပျက်သိအောင်တော့ မထိုးဖောက်နိုင်ဘူး၊ ဖြစ်ပျက်နား ရောက်အောင်တော့ သူပို့နိုင်တယ်၊ ဖြစ်ပျက်ကို မင်းမြင်သလားလို့မေးတော့ သူ့မှာ မြင်တတ်တဲ့သတ္တိမရှိဘူး . . . (မှန်ပါ့ဘုရား)။

## မဂ္ဂင်ရှစ်ပါး

သူက သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိကို၊ ဒါ သမာဓိပဲ၊ သမာဓိတရားဟာ သူတို့သုံးခု ဟောတာပဲ . . . (မှန်ပါ့ဘုရား)။

သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝက သီလမဂ္ဂင်၊ သမ္မာဝါစာဆိုတာ မိစ္ဆာဝါစာ ကြဉ်ရှောင်တာ ရှိတာပဲ၊ သမ္မာကမ္မန္တဆိုတာ မိစ္ဆာကမ္မန္တအမှုကို မပြုဘဲနေတာပဲရှိတာပဲ . . . (မှန်ပါ့ဘုရား)။

သမ္မာအာဇီဝဆိုရင် ကောင်းသဖြင့် အသက်မွေးတာပဲ ရှိတာပဲ၊ ဖြစ်ပျက်ကို ထိုးဖောက်နိုင်တဲ့ သတ္တိမရှိဘူး၊ (မရှိပါဘုရား) ပေါ်ကြပလား . . . (ပေါ်ပါပြီဘုရား)။

ဒါဖြင့် ဘယ်သူကမှ ထိုးဖောက်နိုင်သတုံး (ပညာကမှ ထိုးဖောက်နိုင်တယ်ဘုရား) ဒါကြောင့် ပညာဟိသေဋ္ဌာ လောကသ္မိံလို့ သုတ္တနိပါတ်မှာ ဟောလိုက်တယ် ဘုရားက၊ (မှန်ပါ့ဘုရား)။

ယာယံ၊ အကြင်ပညာသည်၊ နိဗ္ဗေဓဂါမိနီ၊ အဝိဇ္ဇာသိ တဏှာသိကို ထိုးဖောက်တတ်၏၊ ယသ္မာ၊ အကြင်ကြောင့်၊ ပဇာနာတိ၊ ဖြစ်ပျက်ကိုသိ၏။ ပညာမှသိတယ်ကွတဲ့ . . . (မှန်ပါ့ဘုရား)။

ဒါကြောင့် ဇာတိဘဝ ပရိက္ခယံ၊ ဇာတိဟူသရွေ့ ဘဝတွေ ဟူသရွေ့ အကုန်-ကုန်အောင် သူပဲ တတ်နိုင်တယ်တဲ့၊ (မှန်ပါ့) ရှင်းပလား (ရှင်းပါပြီဘုရား)။

## ပညာကခေါင်းဆောင်

ဒါဖြင့်ဩော် . . . ဒီနေ့တရားထူးသိရှိခွင့်ရပြီ၊ သီလ, သမာဓိ, ပညာဆိုငြားသော်လည်း ပညာခေါင်းဆောင်ပါလား၊ ဒါကို မှတ်ထားရမယ်၊ (မှန်ပါ့ဘုရား) ရှင်းပြီနော် (ရှင်းပါပြီ ဘုရား)။

ပေါင်းလိုက်တော့ မဂ္ဂင်ရှစ်ပါး၊ သီလမဂ္ဂင် (၃)၊ သမာဓိ မဂ္ဂင် (၃)၊ ပညာမဂ္ဂင် (၂) (မှန်ပါ့) အားလုံးရှစ်ပါး။

အဲဒါ အနာထပိဏ်သူဌေးကြီး ဖြစ်ခဲ့ဖူးတဲ့ နတ်သား ကလည်း ဒီရှစ်ပါးမှပဲ ကိလေသာစင်၍ နိဗ္ဗာန်မြင်တယ်လို့ သူလာလျှောက်တယ် . . . (မှန်ပါ့ဘုရား)။

## ပညာပဲအားကိုးကြပါ

အခု သုတ္တနိပါတ်မှာ ဘုရားကိုယ်တော်တိုင်ကလည်း သူပဲကွ- ထိုးဖောက်နိုင်တာ၊ မင်းတို့သူ့ပဲ အားကိုးကြ၊ ဟောပြန် ပါတယ်ဆိုတော့ နှစ်ကျမ်းကြည့်လိုက်ရင် ဒါလုံလောက်သွား တယ်. . . (မှန်ပါ့ဘုရား)။

ကဲ. . . ဒါဖြင့် အနာထပိဏ်သူဌေးနတ်သားက ဒီလို ဘုရားလျှောက်လိုက်တော့ အရှင်ဘုရားမဂ္ဂင်မှ ကိလေသာ စင်ပြီး နိဗ္ဗာန်မြင်ပါတယ်ဘုရား၊ ကျန်တဲ့အရွယ်ကောင်း၊ အမျိုးကောင်းသဖြင့် ဘာမှမတက်နိုင်ဘူးလို့ သူလျှောက်တယ်၊ ဘုရားကငြိမ်နေတယ် . . . (မှန်ပါဘုရား)။

ဘုရားက မဟုတ်ဘူးလို့မပြောဘူး၊ (မှန်လှပါ) နတ်သားလျှောက်တဲ့ဥစ္စာမဟုတ်ဘူးလို့ မပြောဘူး၊ (မှန်ပါ့) ငြိမ်သက်စွာနေတော်မူတော့ ဩော်. . . ဒါဘုရားနှစ်သက် တယ်ဆိုပြီး တုသိတာ နတ်ပြည်ပြန်သွားတယ်၊ (မှန်ပါ့) သဘောပါပလား. . . (ပါပါပြီဘုရား)။

ဒါဖြင့် ဘုရားနှစ်သက်တယ်ဆိုတာဒါပဲ၊ သူမနှစ်သက် လို့ရှိရင် ဘုရားက ပယ်လိုက်မှာပေါ့၊ (မှန်ပါ့) ဟာ. . . မင်း လျှောက်တာ မဟုတ်သေးဘူးဆိုပြီး ပြောမှာပေါ့. . . (မှန်ပါ့ ဘုရား)။

## ဘုရားနှစ်သက်ပြီဆိုပြီးနတ်ပြည်ပြန်တယ်

အခုတော့ လျှောက်တာကို ငြိမ်ခံနေသဖြင့် သူ့စိတ်ထဲ ကလည်း နတ်ပြည်ပြန်ခါနီးကျတော့ ငါလျှောက်တာ ဘုရား နှစ်သက်ပြီး သဘောကျပြီဆိုပြီး ပြန်သွားတယ်၊ (မှန်ပါဘုရား)

ဒါ ဥပရိပဏ္ဏာသ, ပါဠိတော်မှာလာတာလို့ မှတ်ရ မယ်နော် . . . (မှန်ပါဘုရား)။

ဒါနဲ့ ပြန်သွားတော့ မနက်ကျတော့ ရှင်အာနန္ဒာကို ဘုရားက ဟောပြတော့ ဒါဖြင့် ညက အရောင်အဆင်းတွေနဲ့ လာတာ အနာထပိဏ်သူဌေးကြီးနဲ့ တူပါတယ်လို့ လျှောက်တော့ ဘုရားက အေးကွာ. . . သူကျောင်းကိုလဲ လာပြီး ကြည်ညိုတယ်၊ ဝမ်းမြောက်တယ်လို့ ပြောသွားတယ်ကွာ . . . ငါလည်းနေတယ်, မင်းတို့လည်းနေတာနဲ့ ဝမ်းမြောက်တယ် နော်. . . မဂ္ဂင်ရှစ်ပါးမှ တစ်ပါး ကိလေသာစင်ကြယ်ပြီး နိဗ္ဗာန်မြင်တဲ့ တရားမရှိလို့ လျှောက်သွားတယ်ကွာ။

ရှင်သာရိပုတ္တရာကိုလည်း သူအင်မတန် ကြည်ညိုတယ်လို့လျှောက်သွားတယ်၊ မင်းအကဲခတ်တဲ့အတိုင်း အနာထပိဏ်သူဌေးကြီးက ဖြစ်လာတဲ့နတ်သားပဲကွလို့ ဘုရားကပြောလိုက်တယ်. . . (မှန်ပါ့ဘုရား)။

## သုညတဆိုက်အောင်ဘာလုပ်ကြမတုံး

ဒါတွေလည်း လျှောက်သွားသကွာဆိုတာ ဒီတရားဟာ ဘာ အရေးကြီးပါသတုံးလို့ဆိုတော့ သုညတဆိုက်မှ ဥပါဒါန်ချုပ်မယ်၊ (မှန်ပါ့) ဥပါဒါန်ချုပ်မှ နောက်ခန္ဓာသိမ်းမယ်၊ (မှန်ပါ့) ရှင်းပလား၊ (ရှင်းသွားပါတယ်ဘုရား)။

သုညတဆိုက်မှ (ဥပါဒါန်ချုပ်ပါတယ်ဘုရား) ဥပါဒါန်ချုပ်မှ . . . (နောက်ခန္ဓာသိမ်းပါတယ်ဘုရား)။

ဒါဖြင့် သုညတ ဆိုက်အောင် ခင်ဗျားတို့ ဘာလုပ်ကြမ တုံးလို့ မေးတဲ့အခါကျတော့ မြင်မြင်သရွေ့ ဖြစ်တာနဲ့ ပျက်တာ ချည့်ရှိအောင် ကြည့်ရင် သုညတဆိုက်တာပဲ၊ (မှန်ပါ့ဘုရား)။

## ·ဖြစ်တာပျက်တာချည့်မြင်အောင်ကြည့်

မြင်မြင်သရွေ့ ဖြစ်တာချည့် ပျက်တာချည့် ကြည့်နိုင်ရင် (သုညတဆိုက်ပါတယ်ဘုရား) သုညတဆိုက်တယ်လို့ မှတ်ထားလိုက်စမ်းပါ . . . (မှန်ပါ့ဘုရား)။

ကောင်းပြီ ဒီနေ့တော့ ဦးဘရှင်းတို့ကလည်း ပြန်မှာ ဖြစ်နေတော့ ကူးပုံကလေးပြပေးလိုက်မယ်နော်၊ (မှန်ပါ့ဘုရား)။

## အိမ်ပြန်မှာအကြီးဆုံးလက်ဆောင်

ဒါကလေးက သက်သက်အကြီးဆုံး လက်ဆောင်လို့ ဦးဘရှင်းတို့က မှတ်တာပဲ၊ (မှန်ပါ့) အကြီးဆုံးလက်ဆောင် ဘာဖြစ်လို့တုံး နက်ဖြန်ပြန်ရမှာကိုး . . . (မှန်ပါ့ဘုရား)။

ရှင်နာဂသိန်က ရဟန္တာဆိုတာ ခင်ဗျားတို့သိပြီ (မှန်ပါ့) မိလိန္ဒမင်းကြီးကလည်း ရဟန္တာဖြစ်သည့်ပုဂ္ဂိုလ်ပဲ၊ ဒီဘဝပဲ ဖြစ်မယ်. . . (မှန်ပါ့ဘုရား)။

မိလိန္ဒမင်းကြီးက မေးတယ်၊ အရှင်ဘုရားများကတော့ ကိုရဟန္တာလည်းဖြစ်နေတယ်၊ ရဟန္တာဆိုတော့ သောတာပန်

အဖြစ်က နေနိဗ္ဗာန်ကို တစ်ခါမြင်ခဲ့ (မှန်ပါ့) သကဒါဂါမ်အဖြစ် တစ်ခါမြင် အနာဂါမ်အဖြစ် တစ်ခါမြင်၊ ရဟန္တာအဖြစ် တစ်ခါမြင်တော့ နိဗ္ဗာန်ကို အဖျင်းဆုံး လေးခါမြင်ပြီးသားဖြစ်ပါတယ်၊ (မှန်ပါ့ဘုရား)။

လောကကြီးမှာ ရှုနေကြတာလည်း ဥဒယဗ္ဗယလို့ ဘုရားကလည်း ပဓာနိယင်္ဂတရား ငါးပါးမှာ ဥဒယဗ္ဗယ ရှုဟော့ ရှုဟော့ ဖြစ်ပျက်ကိုရှုဆိုတယ်။

## ဖြစ်ပျက်ကနေနိဗ္ဗာန်ကူးပုံပြောစမ်းပါ

အဲဒီတော့ ဒီအဖြစ်အပျက်တွေရှုပြီး အရှင်ဘုရားကလည်း နိဗ္ဗာန်မြင်တယ်၊ အဲဒီတော့ ဖြစ်ပျက်ကနေပြီး သကာလ နိဗ္ဗာန်ကူးပုံ ပြောစမ်းပါတဲ့၊ အရှင်ဘုရားတို့ကလည်း ရောက်တဲ့လမ်းဖြစ်ပါတယ် နိဗ္ဗာန်ကို ဘယ်လိုကူးသွားတယ်၊ ကိုယ့်ဉာဏ်ကပေါ့လေ၊ (မှန်ပါ့) ရှင်းပလား၊ (ရှင်းပါပြီဘုရား)။

ကိုယ်ဉာဏ်က ဘုန်းကြီးက ခိုင်းတာ၊ ဆရာဝန်တို့ရော၊ ဦးဘရှင်တို့ရော ဖြစ်ပျက်မြင်အောင်ကြည့်၊ ဒါပဲ ခိုင်းတာပဲ. . . (မှန်ပါ့ဘုရား)။

## မိလိန္ဒမင်းကြီးကမေးတာ

အဲဒီတော့ မိလိန္ဒမင်းကြီးကလည်း မေးတာပဲ၊ အရှင်ဘုရားတို့ ကတော့ နိဗ္ဗာန်မြင်ပြီးသား ပုဂ္ဂိုလ်တွေဖြစ်ပါတယ်၊

ရှုရမှာကလည်း ဖြစ်ပျက်ပဲရှုရမယ်၊ အဲဒီဖြစ်ပျက်ကနေ နိဗ္ဗာန်ကူးပုံပြောစမ်းပါတဲ့၊ (မှန်ပါ့) မေးသင့်တယ်၊ (မေးသင့်ပါတယ်ဘုရား) မေးသင့်တယ်ဆိုတာ သဘောကျပလား. . . (ကျပါပြီဘုရား)။

အဲဒီတော့ လေးလေးစားစားလည်း မှတ်ကြပါ၊ လေးလေးစားစားက ဘယ်လိုမှတ်ကြမတုံးဆိုတော့ ဩော်ဖြေတဲ့ပုဂ္ဂိုလ်က ကိုယ်ရောက်တဲ့နေရာ, ကိုယ်ရောက်ဖူးတဲ့နေရာကိုယ်ဖြေမှာ၊ (မှန်ပါ့) ရှင်းပလား၊ (ရှင်းပါပြီဘုရား)။

## ပြောသံကြားနဲ့ဖြေမှာလား

ပြောသံကြားနဲ့ ဖြေမှာမဟုတ်ပါဘူး၊ (မှန်ပါ့) မှတ်မိပလား၊ (မှတ်မိပါပြီဘုရား)။

ပြောသံကြားနဲ့ ဖြေမလား၊ (မဟုတ်ပါဘုရား) ကိုယ်သွားတဲ့လမ်း ကိုယ်ဖြေမှာ (မှန်ပါ့) ရှင်းပလား. . . (ရှင်းပါပြီဘုရား)။

မေးတဲ့ပုဂ္ဂိုလ်ကလည်း သာမညပုဂ္ဂိုလ်လား၊ ဒီဘဝရဟန္တာဖြစ်မည့် ပုဂ္ဂိုလ်လားဆိုတာအကဲခတ်၊ ဒီဘဝရဟန္တာဖြစ်မည့်ပုဂ္ဂိုလ် . . . (မှန်လှပါဘုရား)။

ဒါဖြင့် အမေးသမားကလည်း အညံ့အဖျင်းမဟုတ်၊ အမေးခံမည့် ပုဂ္ဂိုလ်ကလည်း မသွားဖူး၊ မလာဖူး မကြုံဖူးသေး၊

တွေးဆပြောတဲ့ အသွားမျိုးမဟုတ်ဘူး (မှန်ပါ့) သဘောကျပလား (ကျပါပြီဘုရား)။

## သူရောက်ဖူးတဲ့လမ်းကိုပြတာ

ဒါဖြင့် သူရောက်ဖူးတဲ့လမ်း၊ သူအတိအကျပြောတာ၊ (မှန်ပါ့) ကျုပ်တို့က မျက်စိမှတ်လိုက်ရုံပဲ၊ (မှန်ပါ့) သူရောက်ဖူးတဲ့လမ်း သူအတိအကျပြတော့ သူက ဒီလမ်းပဲ သေသေချာချာရောက်နေတဲ့ပုဂ္ဂိုလ်၊ ကျုပ်တို့က ဟုတ်မှ ဟုတ်ပါ့မလားလို့ဆိုစရာမလိုဘူး. . . (မလိုပါဘုရား)။

သူရောက်ဖူးတဲ့လမ်းကလည်း သေသေချာချာ သူကိုယ်တိုင် ဒီလမ်းကို လေးခါလောက် ရောက်တယ် . . . (မှန်ပါဘုရား)။

ဖြစ်ပျက်ကနေ နိဗ္ဗာန်ကူးသွားတာ လေးခါရောက်တယ်၊ (မှန်ပါ့) လေးခါတောင်ကူးဖူးတဲ့ပုဂ္ဂိုလ်ဆိုတော့ အဖျင်းဆုံး လေးခါပေါ့ ဒကာမကြီးတို့ . . . (မှန်ပါ့ဘုရား)။

အဲ. . . လေးခါကူးဖူးတဲ့ ပုဂ္ဂိုလ်ဆိုတော့ဖြင့် ဦးဘရှင်းက စဉ်းစား၊ လမ်းကုန်နေပေါ့၊ လမ်းဆုံးနေပြီ (မှန်ပါ့) အဲဒီပုဂ္ဂိုလ်က ပြောမှာပဲဆိုတာကို မှတ်ထားရမယ်၊ (မှန်ပါ့ ဘုရား)။

## ကူးခတ်ပုံကိုရှင်းပြမယ်

ကိုင်း. . . ဒကာကြီး သေသေချာချာ နားထောင်ဆိုပြီး မိလိန္ဒမင်းကြီးကို ရှင်နာဂသိန်ကပြောတယ်၊ ခင်ဗျား သေသေချာချာ နားထောင်၊ ကျုပ်ကူးပြမယ်၊ (မှန်ပါ့) ကူးပုံ ခတ်ပုံကို ရှင်းပြမယ်ဆိုပြီး သကာလပြတယ်။

ပါဠိတော်က . . .

**တသ္မာ တိဟ စိတ္တံ အပရာပရံ မနသိကရောတော ဥပ္ပါဒ် အတက္ကမိတွာ အနုပ္ပါဒ် သြက္ကမတိ ဧတ္တာဝတာ ခေါ မဟာရာဇ သမ္မာ ပဋိပန္နော နိဗ္ဗာနံ သစ္ဆိ ကရော တီတိ ဝုစ္စတိ။**

## ဉာဏ်ကဖြစ်ပျက်ဘက်ချည့်လှည့်နေတယ်

ဒါ . . . မိလိန္ဒ ပဉ္စာပါဠိတော် ဒကာကြီး ပထမ ဖြစ်ပျက်တာ ဖြစ်တာပျက်တာ ဟောဒီဉာဏ်ကလေးဟာ လှည့်နေတယ်. . . တဲ့၊ ဖြစ်ပျက်ဘက်ချည့် လှည့်နေတယ်. . . (မှန်ပါ့ဘုရား)။

ဖြစ်ပျက်ဘက်လှည့်ပြီး သကာလ တစ်ခါတလေ အပျက်ဘက်ကိုလှည့်လိုက်၊ တစ်ခါတလေဘေးဟု ထင်လိုက် ဆိုတော့ ဉာဏ်တွေ့တော့ တက်သွားတာပေါ့လေ. . . (မှန်ပါ့ဘုရား)။

အမျိုးမျိုး တက်တက်-တက်တက်သွားတာပဲတဲ့၊ သို့သော်လည်း ဥပ္ပါဒ် အတိက္ကမိတွာ အနုပ္ပါဒ် သြက္ကမတီဆိုတဲ့

အတိုင်း ဖြစ်ပျက်ဘက်လှည့်နေရင်း မတ္တနဲ့ ဒီဖြစ်ပျက် ခန္ဓာငါးပါးက ရှုရင်း မတ္တနဲ့က သူ့စိတ်ထဲမှာ ဉာဏ်သာ ကျန်ရစ်နေပြီး ရှေ့ပိုင်းက ပျောက်ထွက်သွားတယ်၊ ဒကာကြီး ရတဲ့၊ (မှန်ပါ့) ရိပ်မိပလား. . . (ရိပ်မိပါပြီဘုရား)။

ရှေ့ပိုင်းက ဘာဖြစ်နေသတုံး . . . (ပျောက်ထွက် သွားပါတယ်ဘုရား) ဒီဉာဏ်ကလေးကတော့၊ (ကျန်နေပါ တယ်ဘုရား)၊ ဒီဉာဏ်ကလေးက ကျန်ရစ်နေတယ် . . . (မှန်ပါ့ဘုရား)။

## ဖြစ်ပျက်မရှိတဲ့ဘက်၊ ဉာဏ်ကကူးသွားတယ်

ဉာဏ်ကလေး ကျန်ပြီးတော့ ဒီဉာဏ်က ဘယ်ကူးသွား သတုံးလို့မေးတော့ ဖြစ်ပျက်မရှိတဲ့ဘက် ကူးသွားတယ်လို့ ဒကာကြီးမှတ်ပါ. . . (မှန်ပါ့ဘုရား) သဘောကျပလား၊ (ကျပါပြီ) ဖြစ်ပျက်ရှိတဲ့ဘက်မှ . . . (ဖြစ်ပျက်မရှိတဲ့ဘက် လှည့်သွားပါတယ်ဘုရား)။

ဖြစ်ပျက်က ဘာသစ္စာတုံး၊ (ဒုက္ခသစ္စာပါဘုရား) ဖြစ်ပျက်မရှိတာက . . . (နိရောဓသစ္စာပါဘုရား) အဲဒီတော့ ကူးသွားတယ်၊ ရှုရင်းကူးသွားတာပဲ. . . (မှန်ပါ့) သဘောကျ ပလား. . . (ကျပါပြီဘုရား)။

## နိရောဓသစ္စာဘက်ကူးသွားတယ်

ဖြစ်ပျက်ရှိတဲ့ဘက်မှ ဖြစ်ပျက်မရှိတဲ့ဘက် ကူးသွားတော့ ဒါက ကျုပ်တို့နားလည်မှုအတွက်ပြောတာ၊ ကျုပ်တို့ သစ္စာနဲ့ ပြောကြစို့ဆိုတဲ့အခါကျတော့ ဒုက္ခသစ္စာဘက်မှ နိရောဓသစ္စာဘက်ကူးတယ်. . . (မှန်ပါ့) ဒုက္ခသစ္စာဘက်မှ (နိရောဓသစ္စာဘက်ကူးပါတယ်ဘုရား) ရှုရင်းကူးသွားတယ် . . . (မှန်ပါ့ဘုရား) ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

ဒီလိုကူးတယ်ဆိုတော့ ဒီဉာဏ်အစဉ်ပြတ်သေးရဲ့လား၊ (မပြတ်ပါဘုရား) ဒီရှေ့ကသာ နှစ်ခုခွဲသွားတာ. . . (မှန်ပါ့) ဖြစ်ပျက်နဲ့ ဖြစ်ပျက်မရှိတာ နှစ်ခုကွဲသွားတယ်. . . (ကွဲသွားပါတယ်ဘုရား)။

## နိဗ္ဗာန်မျက်မှောက်ပြုတယ်

ဒါကြောင့် နိဗ္ဗာန်မျက်မှောက်ပြုတယ်ဆိုတဲ့ ဉစ္စာ ဒီဘက်က ဖြစ်ပျက်ဘက်ကို မလှည့်ဘူးဆိုတော့ ခန္ဓာကြီးတော့ ရှိတာပဲ (မှန်ပါဘုရား) ရှိပေမယ့် သူ့ဘက်မလှည့်ဘူး (မလှည့်ပါဘုရား) ဖြစ်ပျက် မရှိတဲ့ဘက်ကို သူ့ဟာသူ လှည့်တယ်၊ (မှန်ပါဘုရား) သဘောကျပလား. . . (ကျပါပြီဘုရား)။

ရှုနေတဲ့ခန္ဓာကြီးကလဲ ခင်ဗျားတို့ ဉာဏ်နဲ့ကြည့်

ရှိနေတာပဲ၊ ဖြစ်ပျက်တွေ တွေ့နေတာပဲ၊ (မှန်ပါ့) တွေ့ရာက ဒီခန္ဓာရှိလျက်နဲ့ ခန္ဓာဘက်မလှည့်ဘဲနဲ့ ရှာမတွေ့ဘဲနဲ့က ခန္ဓာချုပ်တဲ့ဘက် လှည့်သွားတယ်၊ သူဟာသူ လှည့်တယ်. . . (မှန်ပါ့) ဟိုဘက်က ဉာဏ်ရင့်လာလို့ လှည့်လာတာ. . . (မှန်ပါ့)။

## ဒီလိုကူးရင်နိဗ္ဗာန်မျက်မှောက်ပြုတာ

တသ္မိ၊ ထိုယောဂီပုဂ္ဂိုလ်အား တံစိတ္တံ၊ ထိုရှုနေတဲ့ စိတ်သည်။ အဂရာအပရံ။ အထပ်ဟပ်၊ မနသိကရောတော၊ ဖြစ်ပျက်ကို နှလုံးသွင်းသော ပုဂ္ဂိုလ်အား။ ဥပ္ပါဒံ၊ ဖြစ်ပျက်ကို။ အတိက္ကမိတ္တာ၊ လွန်၍။ အနုပ္ပါဒံ၊ မဖြစ်တဲ့ဘက်ကို။ ဩက္ကမတိ၊ ဉာဏ်ကသက်ဝင်သွား၏။ (မှန်ပါ့) ဖြစ်ပျက်ဘက်မှ မဖြစ်တဲ့ ဘက်ကို ဖြစ်ပျက်မရှိတဲ့ဘက်ကို တစ်ခါတည်း ပြေးသွားတယ် . . . (မှန်ပါ့ဘုရား)။

မဟာရာဇ၊ မင်းကြီး။ ဧတ္တာဝတာ၊ ဤမျှဖြစ်ခြင်းသည်၊ သမ္မာပဋိပန္နော၊ ကောင်းစွာကျင့်သော ပုဂ္ဂိုလ်သည်၊ နိဗ္ဗာနံ၊ နိဗ္ဗာန် ကို၊ သစ္ဆိကရောတိ၊ မျက်မှောက်ပြုသည်ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ဒီလိုကူးရင် နိဗ္ဗာန်ကို မျက်မှောက်ပြုကာ ဒကာကြီး ရဲ့ (မှန်ပါ့) ဆိုတော့ ရှင်းပါပြီ. . . (ရှင်းပါပြီဘုရား)။

## အကြီးဆုံးလက်ဆောင်ပေးလိုက်တာ

ကဲ. . . ဒါဖြင့် အကြီးဆုံးလက်ဆောင် ပေးလိုက်တ
ပဲ။ ဒီအတိုင်းကူးအောင် လုပ်ကြ၊ ခင်ဗျားတို့ ဟသ်ာတပြန်သွ
မည့် ပုဂ္ဂိုလ်တွေက . . . (မှန်လှပါဘုရား)။

ကဲ . . . ယနေ့ ဒီတွင် တော်ကြဦးစို့။

**သာဓု. . . သာဓု. . . သာဓု. . .။**